ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ တနင်္လာနေ့၊ (7-2-2011) (၆၆၆၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသားအားလုံး၏ တာဝန်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာ နိုင်ငံတော်ကို စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းတည်ဆောက်သည့်နည်းတူ နယ်ချဲ့သမားတို့က တပည့်မွေးကာ လက်ကိုင်တုတ်များဖြင့် ပြည်ထောင်စုကြီး ပြိုကွဲစေရန် ဖန်တီးလာမည့်အရေးကို သတိထား ရှောင်ကြဉ်ကြရမည်မှာ တိုင်းရင်းသားအားလုံး၏ တာဝန်ပင် ဖြစ်ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင် ဇေယျာသီရိ အဆင့်မြင့်အားကစားရုံ တည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင် မင်္ဂလာအခမ်းအနား တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၆

မက်(စ်)မြန်မာကုမ္ပဏီအုပ်စုက တာဝန်ယူတည်ဆောက်မည့် ဇေယျာသီရိ အဆင့်မြင့်အားကစားရုံ တည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်ရှိ အဆိုပါအားကစားရုံတည်ဆောက်မည့် မြေနေရာ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ မင်းတိုင်နေရာ၌ ရတနာပန္နက်တော်တင်ပေးသည်။

အဆိုပါ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ တပ်မတော်အရာရှိကြီးများ၊ မက်(စ်)မြန်မာကုမ္ပဏီအုပ်စု ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ဝေလွင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင် ဇေယျာသီရိ အဆင့်မြင့်အားကစားရုံ တည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် မင်းတိုင်နေရာ၌ ရတနာပန္နက်တော်တင်ပေးစဉ်။

(သတင်းစဉ်)

အဆင့်မြင့် အားကစားရုံ

မက်(စ်)မြန်မာကုမ္ပဏီအုပ်စုက တာဝန်ယူတည်ဆောက်မည့် ဇေယျာသီရိ အဆင့်မြင့် အားကစားရုံပုံစံကို တွေ့ရစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror

၇-၂-၂၀၁၁
(တနင်္လာနေ့)

တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြု ကြက်ငှက်တုပ်ကွေးကာကွယ်ရေး ပူးပေါင်းလိုက်နာ

ကြက်ငှက်တုပ်ကွေးသည် အများအားဖြင့် တောင်ပံပါသော သတ္တဝါများကို ကူးစက်တတ်သော ရောဂါတစ်မျိုးဖြစ်သည်။ အများအားဖြင့် ကြက်၊ ငှက်၊ ဘဲတို့၌သာ ဖြစ်ပွားလေ့ရှိသော်လည်း လူသို့လည်းကူးစက်နိုင်သဖြင့် သတိပြုကာကွယ်ကြရမည်ဖြစ်သည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ထုတ်ပြန်သော သတင်းအရ ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလဆန်းအထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော နိုင်ငံပေါင်း ၆၃နိုင်ငံရှိသည်။ ယခုနှစ်အတွင်း အီဂျစ်၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ မြန်မာနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကြောင်း သိရသည်။

ကြက်ငှက်တုပ်ကွေးရောဂါကို စနစ်တကျထိန်းချုပ်ကာကွယ်ခြင်းမပြုပါက အိမ်မွေးကြက်ငှက်များမှသည် လူသို့လည်း တိုက်ရိုက်ကူးစက်နိုင်သည်။ အဆိုပါရောဂါစတင်ဖြစ်ပွားချိန်မှ ယခုနှစ် နှစ်အစပိုင်းအထိ နိုင်ငံ ၁၅နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်ဖြစ်ပွားသူ ငါးရာကျော်ရှိခဲ့ရာ သုံးရာကျော်သေဆုံးခဲ့ပေသည်။

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ လေးကြိမ်ဖြစ်ပွားခဲ့သည်။ ယခုနှစ် ဇန်နဝါရီလအတွင်း ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဘုမကျေးရွာအုပ်စုရှိ ဥစားကြက်မွေးမြူရေးခြံနှင့် ဖေဖော်ဝါရီလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ဗိုလ်မြရပ်ကွက်ရှိ ဥစားကြက်မွေးမြူရေးခြံတို့တွင် ဖြစ်ပွားကြောင်းတွေ့ရှိသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရပေမည်။ ကြက်ငှက်များကို လူနေအိမ်အနီး မွေးမြူခြင်းမပြုဘဲ သီးသန့်ခွဲခြား မွေးမြူကြရပေမည်။ မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အလေးထားပြီး မွေးမြူရေးခြံသုံးပိုးသတ်ဆေးများ စနစ်တကျပက်ဖျန်းကြရပေမည်။ မွေးမြူရေးခြံလုပ်သားများအနေဖြင့် လက်အိတ်၊ နှာခေါင်းစည်းများ ဝတ်ဆင်ကြရမည့်အပြင် ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုဘဲ မြေမြှုပ်ဖျက်ဆီးကြရမည်ဖြစ်သည်။

ကြက်ငှက်များ သံသယဖြစ်ဖွယ် သေဆုံးကြောင်းသိရှိပါက နီးစပ်ရာ အာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး အဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ကြရန် လိုအပ်သည်။ ကြက်ငှက်အသား၊ ဥတို့ကို ကျက်အောင်ချက်ပြုတ်စားသုံးခြင်း၊ ကြက်သား၊ ကြက်ဥစသည်များ ကိုင်တွယ်ပြီးပါက ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ ကြက်ငှက်မွေးမြူသယ်ဆောင် ရောင်းဝယ်သူများအားလုံး တစ်ကိုယ်ရေသန့်ရှင်းဂရုပြုခြင်းတို့ဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားရေး ပူးပေါင်းလိုက်နာ ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

တွံတေးမြို့နယ် အထက(ခွဲ) ကရင်ချောင်းစံပြကျေးရွာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဆုချီးမြှင့်ပွဲကို အဆိုပါကျောင်း ရတနာခန်းမ၌ ကျင်းပရာ စာစီစာကုံးဆုရရှိသော န၀မတန်းမှ မသင်းသဇင်မိုးအား ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြင့် ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၃) ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနခွဲအသီးသီးရှိ ဝန်ထမ်းများ လုပ်ငန်းခွင်အရည်အချင်း ပိုမိုပြည့်ဝစေရန် အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများ၊ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယခုဖွင့်လှစ်ပို့ချသော အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းတွင် သင်တန်းသား ၂၉ ဦးအား သင်တန်းကာလ နှစ်လကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ထားဝယ်ခရိုင်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၆

တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေးသည် ဇန်နဝါရီ ၂၈ ရက်တွင် ထားဝယ်ခရိုင် သရက်ချောင်းတပ်နယ်၌ တပ်နယ်မူလတန်းကျောင်း ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ မြောင်းပုလဲတိုးချဲ့ရပ်ကွက် စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်၌ အိမ်ရာတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တိုင်းမှူးသည် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် ထားဝယ်တပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ အားကစားပစ္စည်းများပေးအပ်ကာ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိတ္ထီလာမြို့ အထက(၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

မိတ္ထီလာမြို့ အထက(၂)၌ အမျိုးသား ကျောင်းမှ ယနေ့အထိ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော အသက်(၆၀)ပြည့်ပြီး ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်း ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ လာရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးကျော်ဝ [အထက(၂) မိတ္ထီလာ ကျောင်းအုပ်ဆရာကြီး] ဖုန်း-၀၆၄-၂၃၄၁၄၊ ဒုတိယဗိုလ်မှူးကြီး အောင်မြတ်(ငြိမ်း) ဖုန်း-၀၉-၂၂၀၁၀၇၅၊ ဦးခင်ထွန်း ဖုန်း-၀၆၄-၂၄၅၉၁၊ ဦးသိန်းထွန်း ဖုန်း-၀၆၄-၂၄၂၄၁၊ ၀၉-၂၂၀၀ ၈၆၁၊ဦးလင်းကျော်စွာ (ရွှေကျားမင်းကဖီး) ဖုန်း-၀၁-၂၂၁၀၈၅၊ ၀၉-၅၁၀၈၅၀၉၊ ဦးသီလဝေလု (တံခွန်VCD & Game) ဖုန်း-၀၆၄-၂၅၂၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ထန်းတပင်မြို့နယ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ ရက်က အထက ထန်းတပင် လှိုင်ရတနာခန်းမ၌ ကျင်းပရာ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ပညာ)ဦးသိန်းစံအောင် အထက(ခွဲ)ပန်းတိုင် ပဥ္စမတန်းကျောင်းသူ မသွင်သဇင်ထွဋ်အား မြောက်ပိုင်းခရိုင်သင်္ချာထူးချွန် တတိယဆု ချီးမြှင့်စဉ်။ (ပညာရေး)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

တောင်ကြီး ဖေဖော်ဝါရီ ၆

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၅ ရက်တွင် တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းယဉ်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး တင်စိုးရှိန်က လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ စစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်စီးနင်းသူများ အပါအဝင် လမ်းအသုံးပြုသူများလိုက်နာရမည့်အချက်များကို Projector ဖြင့် အသီးသီး ရှင်းလင်းတင်ပြကြပြီး **(ယာပုံ)** သူနာပြုသင်တန်းသား၊ သင်တန်းသူများနှင့် နည်းပြဆရာမများ တက်ရောက်ခဲ့ကြသည်။

(ကုန်းလမ်းပို့ဆောင်ရေး)

ခရမ်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဆိုင်းဘုတ်စိုက်ထူပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ဆိုင်းဘုတ်စိုက်ထူပွဲနှင့် သက်ကြီးစာပေပညာရှင်များ ပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီတွင် ခရမ်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေ၏ နေအိမ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)မှ ဦးခင်ဆွေ(ရွှေစွန်ညို)နှင့် ခရမ်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြပြီး အဖွဲ့၏ဆိုင်းဘုတ်ကို စိုက်ထူပေးကာ မြို့နယ်တွင်းမှ သက်ကြီးစာပေပညာရှင်များ ဖြစ်ကြသည့် ဦးခင်ဆွေ(ရွှေစွန်ညို)၊ ဦးဝင်းမောင် (သတင်းထောက် ခရမ်းဝင်းမောင်)နှင့် ဒေါ်အေးအေးသန်း (အေးသန်း - ခရမ်း) တို့အား ခရမ်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် အဖွဲ့က ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)** (သတင်းစဉ်)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမက(၁၉)၌ ကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ်၏ ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲတွင် အထက(၁)မှ လေးဘာသာဂုဏ်ထူးရရှိသော မတီာလ်လဲင်မွေးအား မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ထားဝင်း ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ပညာရေး)

❍ ရှေ့ဖုံးမှ

ထို့နောက် ဗိုလ်ချုပ်ဝေလွင်သည် မင်းတိုင်နေရာ၌ ရတနာပန္နက်တော်ကို တင်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ယင်းနောက် တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာပန္နက်တော်များကို တင်ပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

မက်(စ်)မြန်မာကုမ္ပဏီအုပ်စုက တာဝန်ယူတည်ဆောက်မည့် အဆိုပါဇေယျာသီရိ အဆင့်မြင့် အားကစားရုံသည် အကျယ်အဝန်းဧရိယာ ၅၂၅၂၈၇ စတုရန်းပေရှိပြီး အားကစားရုံအတွင်း၌ အကျယ်အဝန်း ဧရိယာ ၁၈၈၂၇၅ စတုရန်းပေရှိသော ပရိသတ် ၅၀၀၀ ဆံ့ Basketball and Volleyball ကွင်းတစ်ကွင်း၊ အကျယ်အဝန်း ဧရိယာ ၉၁၈၀၉ စတုရန်းပေရှိသော ပရိသတ် ၃၀၀၀ ဆံ့ Table Tennis ကွင်းတစ်ကွင်းနှင့် အကျယ်အဝန်း ဧရိယာ ၉၁၈၀၉ စတုရန်းပေရှိသော ပရိသတ် ၃၀၀၀ ဆံ့ Badminton Hall တစ်ခုပါရှိမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး ဇေယျာသီရိ အဆင့်မြင့်အားကစားရုံ တည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် သတ်မှတ်နေရာ၌ ရတနာပန္နက်တော် တင်ပေးစဉ်။ (သတင်းစဉ်)

မက်(စ်)မြန်မာကုမ္ပဏီအုပ်စု ဥက္ကဋ္ဌ ဦးဇော်ဇော် ဇေယျာသီရိ အဆင့်မြင့် အားကစားရုံ တည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင်မင်္ဂလာအခမ်းအနားတွင် သတ်မှတ်နေရာ၌ ရတနာပန္နက်တော်တင်ပေးစဉ်။ (သတင်းစဉ်)

DUAL TECH တွင် နိုင်ငံတကာ အသိအမှတ်ပြု အင်ဂျင်နီယာဒီပလိုမာသင်တန်းများနှင့် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၆

DUAL TECH သင်တန်းကျောင်းသည် City & Guilds (UK) Approved Centre No.826811 အင်္ဂလန်နိုင်ငံ အသိအမှတ်ပြု သင်တန်းကျောင်းဖြစ်သည်။

ဖွင့်လှစ်လျက်ရှိသော သင်တန်းများထဲမှ အင်္ဂလန်နိုင်ငံ အသိအမှတ်ပြု ဒီပလိုမာသင်တန်းများဖြစ်သော Air-Condition & Refrigeration, Electrical, Electronic, Mechanical,M & E,Civil (Construction)စသော Diploma သင်တန်းများထဲမှ မိမိဝါသနာပါရာသင်တန်းများကို ရွေးချယ်တက်ရောက်နိုင်ကြောင်း၊ သင်တန်းကာလမှာ ခြောက်လ၊ တစ်နှစ် ကြာမြင့်မည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူတိုင်း အသက်အရွယ် အကန့်အသတ်မရှိ တက်ရောက်နိုင်ကြောင်း။

AGTI အောင်မြင်ပြီးသူများသည် Advanced Diploma ကို တက်ရောက်နိုင်မည်ဖြစ်ကာ Euro-Pass အသိအမှတ်ပြု Program ဖြစ်၍ ဥရောပနိုင်ငံများသို့ သွားရောက်မည့်သူများအတွက် များစွာအထောက်အပံ့ဖြစ်ကြောင်း။

သင်တန်း အောင်မြင်ပြီးသူများသည် အင်ဂျင်နီယာ တစ်ယောက်အဖြစ် ပြည်တွင်း၊ ပြည်ပတွင် အလုပ်အကိုင်များ ဝင်ရောက် လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များတွင် ကျောင်းဆက်တက်မည်ဆိုပါက Second Year မှ စတင်တက်ရောက်နိုင်ပြီး Bechelor of Engineering ဘွဲ့ကို ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လက်တွေ့အင်ဂျင်နီယာ သင်တန်းများဖြစ်သော အဲယားကွန်း၊ အီလက်ထရွန်နစ်၊ TV, DVD, EVD ပြုပြင်ခြင်း၊ လျှပ်စစ်ဝါယာရိန်း ၊ မော်တာ၊ ထရန်စဖော်မာပြုပြင်ခြင်း၊ ဂဟေဆက်နှင့် တွင်ခုံသင်တန်း၊ ကားအင်ဂျင်နှင့် ဝါယာရိန်း၊ Electronic Projects သင်တန်းများ၊ Motor Controls , PIC, PLC , CNC , Engineering Civil နှင့် Air-Con Dust Design စသည့် သင်တန်းများ၏ သင်တန်းကာလမှာ နှစ်လမှ သုံးလအထိဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကွန်ပျူတာသင်တန်းများ၊ စာရင်းကိုင်ဒီပလိုမာ သင်တန်းများ၊ အင်္ဂလိပ်စာ သင်တန်းများကိုလည်း အခြေခံ 4 -skills မှစ၍ IELTS အထိ တက်ရောက်နိုင်ကြောင်း၊နယ်မှကျောင်းသားများအတွက် ဘော်ဒါရှိကြောင်းလည်း သိရသည်။

အသေးစိတ်သိရှိလိုပါက DUAL TECH (အင်းစိန်Centre-1) ပြည်လမ်း၊ မင်းဓမ္မလမ်းနှင့် စော်ဘွားကြီးကုန်း (အာလွိုန်ငါးဆင့်ဘုရားအနီး) အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၇၂၇၂၉၃၊ ၀၁-၇၃၀၆၉၆၈၂နှင့် DUAL TECH (ရန်ကင်း Centre- 2)တိုက်အမှတ် (၂၀၆/၂)ရန်ကင်းလမ်းမကြီး ၁၂ လုံးတန်း မှတ်တိုင် (ရိုးမဘဏ်အနီး) ရန်ကင်းမြို့နယ် ဖုန်း -၀၉-၅၁၃၉၁၅၉ နှင့် ၀၁-၇၃၀၂၀၈၀၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

သထုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

သထုံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက်က ဒဂုံမြို့နယ် မဟာဝိဇယစေတီတော်ပရိဝုဏ်အတွင်း မြို့နယ်အသင်းဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ပြုံးက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးတင်အောင်ညွှန့်၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ချိုချိုတို့က နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်း ဖတ်ကြား သည်။

ထို့နောက် အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်တင်မြှောက်ပြီး ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကို ဥက္ကဋ္ဌသစ် ဦးခင်မောင်ပြုံးနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြကြောင်းသိရသည်။ **(အောက်ပုံ)** (ကြေးမုံ)

ဂန့်ဂေါ မြို့မရပ်ကွက် သက်ကြီးပူဇော်

နေပြည်တော် ဖေဖော်ဝါရီ ၆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြို့မရပ်ကွက် (၂၅)ကြိမ်မြောက် အသက်(၈၀)နှင့်အထက် သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မြို့မစာသင်တိုက်၌ ကျင်းပရာ သက်ကြီးပူဇော်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းမြို့က ပူဇော်ပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မရပ်ကွက်၏ မင်္ဂလာမောင်မယ်အဖွဲ့ဝင်များက အသက်(၈၀)နှင့်အထက် သက်ကြီး အဘိုးအဘွား ၄၀ တို့အား ဝတ္ထုပစ္စည်းများ ပေးအပ်ဂါရဝပြုကန်တော့ကြရာ အဘိုးဦးမြဦးက ဆုပေးစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ်စာပေ လှူမိတ်ဆွေ

ကြီးကြပ်ဆောင်ရွက်

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၂)ရပ်ကွက် ဗိုလ်တေဇလမ်းသွယ်(၁) ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းအား ဇန်နဝါရီ ၁၅ ရက်က ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး)ဦးမြင့်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၂-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"စားဝတ်နေစဉ်ကျင့်စဉ်ဝင်" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၇)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၂၄)**
၈း၄၀	လပြည့်ဝန်းသို့ တမ်းချင်းည Live Show(Part-8)
၉း၁၅	ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၆၆-၁၉၇၂) Mechanical ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ)
၉း၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးကျန်းမာရေးဆိုင်ရာ အယူအဆအမှားများ)
၁၀း၀၀	Activities In The City -(ONLINE ကုန်စည်ပြပွဲ) -(Build With Pride Party for Valued Contractors)
၁၀း၃၀	Celebrity Choice (ဇော်ပိုင်)
၁၁း၀၅	ရန်ကုန်မြင်ကွင်းကျယ် (Grand Opening Ceremony of New York Collection)
၁၁း၂၅	စာအုပ်ပြခန်း (မြန်မာ့ခြင်းလုံးအားကစား အကြောင်းသိကောင်းစရာနှင့် လွယ်ကူမှန်ကန်သည့်ခြင်းလုံးခတ် လေ့ကျင့်နည်းများ)
၁၁း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅	နွေးထွေးပျူငှာကရုဏာနှင့် ထိရောက်စွာကုသ RIGHT ONCO CARE CENTRE... မှ
၁၂း၄၀	ဖူးပွင့်ဝေဆာရွှေကျင်မြေမှ ဥယျာဉ်သာ
၁း၀၀	"စားဝတ်နေစဉ်ကျင့်စဉ်ဝင်" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	သဘာဝကပေးတဲ့ အကျိုးအာနိသင် (ဆေးဖက်ဝင်တဲ့ရွှေဝါးရွက်) (သတ္တိ၊ ထက်ထက်၊ စံမိုး၊ ဖြိုးသီရိခေတ်၊ ဒေါ်အောင်မြင့်ကြည်) [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)]
၂း၅၀	FMF Selection
၃း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၇)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၄)**
၄း၄၀	Activities In The City ("ဆောင်းနှင်းရည်"ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးကုမ္ပဏီ မိတ်ဆက်ပွဲ)
၅း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀	ဗီဒီယိုပြခန်း
၅း၄၅	ရန်ကုန်မြင်ကွင်းကျယ် (ကလေးကျောက်ကပ်ရောဂါဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲ)
၆း၀၀	MRTV-4 သတင်း
၆း၂၀	သုဝဏ္ဏဘုမ္မိမှ သာသနာ့ခက်ဝေငါးဆူမြေ
၆း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈)**
၇း၂၀	**လပြည့်ဝန်းသို့ တမ်းချင်းည** Live Show(Part-9)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (လျှို့ဝှက်တာကောင်းတယ်၊ မလျှို့ဝှက်တာကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၄)**
၁၀း၁၅	Sunday Talk (တယောဦးတင်ရီ၊ မျိုးမြတ်သူ)
၁၀း၃၅	Activities In The City (PG& 21 ca ရေကြည်ဆေးမှုန့် မိတ်ဆက်ရှင်းလင်းပွဲ)
၁၁း၀၀	အနုပညာမိုးကောင်းကင်
၁၁း၂၀	International Show Biz
၁၁း၃၅	မမေ့နိုင်ပါပြီ. . . ကမ္ဘောဇအလှဌာနီ
၁၁း၅၅	ဈေးဝယ်လမ်းညွှန် (ရွှေနဂါးဖိနပ်ဆိုင်)
၁၂း၂၅	ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
၁၂း၃၅	ဘဝများ (ဂီတပညာရှင်နိုင်ဇော်၏ဘဝ)
၁း၀၅	စွမ်းရည်မြင့်မားလယ်ယာ(၁၆) လက်တွန်းထွန်စက်တာယာများ
၁း၃၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဘိုဘိုနှင့်တွေ့ဆုံခြင်း)
၁း၅၅	ဒွိတိုင်းဌာနီရောဝတီ [မြန်မာ့စပါးကျီ (သို့မဟုတ်) ရောဝတီ]
၂း၁၀	စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
၂း၃၀	ဖန်တီးသူတို့ကမ္ဘာ
၂း၅၀	သက်ကြီးမသန်စွမ်းကျောင်း၏ အသက်မွေးမှုပညာရပ်များ
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	အသက်ကယ်တဲ့ရှည်စေလို (မင်းရာဇ၊ စိုးရန်အောင်၊ သီရတီ) [ဒါရိုက်တာ-ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
၄း၁၀	မျိုးဝေဝေပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာဘုရားစေတီ
၄း၂၅	ထူးခြားသွင်ပြင်သတ္တပြန်းပုရုပ်သွင်
၄း၄၀	ခနှိုရာအစားအစာ စားချင်ဖွယ်ရာဟင်းထုပ်ပါ
၄း၅၀	ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၅း၀၀	အစီအစဉ်ပြီး။

သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး(အနောက်) မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ(ပြည်)၏ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲ အခမ်းအနားများကို ဇန်နဝါရီ ၂၁ရက် ညနေ ၃ နာရီတွင် အဆိုပါအလုပ်ရုံ၌ကျင်းပရာ ပြည်ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ရွှေထွန်းက သဘာဝမီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများကို အသိပညာပေးဟောပြောစဉ်။ (၄၉၇)

အမေရိကန်သမ္မတ အိုဘားမား(ဝဲ)နှင့် ရုရှားသမ္မတ မက်ဗီဒက်ဗ်(ယာ)တို့ကို ချက်နိုင်ငံ ပရာဟာမြို့၌ ၂၀၁၀ ခုနှစ်က တွေ့ရစဉ်။

စတာ့တ်ဆွေးနွေးပွဲတွင် ဗြိတိန်ကို အမေရိကန်အသုံးချခဲ့

လန်ဒန် ဖေဖော်ဝါရီ ၆

အမေရိကန်ပြည်ထောင်စုသည် ၎င်းက ဗြိတိန်နိုင်ငံသို့ ထောက်ပံ့ပေးထားသော ထရိုင်းဒင့် ဒုံးကျည်များ၏ အရေးကြီးသော သတင်းအချက်အလက်များကို ရုရှားနိုင်ငံသို့ ပေးအပ်ရန် လျှို့ဝှက်စွာ သဘောတူခဲ့ကြောင်း၊ လက်နက်ထိန်းချုပ်ရေး စာချုပ်အသစ်ကို လက်မှတ်ရေးထိုးရာတွင် ရုရှားတို့အား နှစ်သိမ့်ပေးခြင်းဖြစ်ကြောင်း ဒေးလီးတယ်လီဂရပ်သတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

အဆိုပါ လျှို့ဝှက်ချက် ပေါ်ထွက်လာခြင်းသည် အမေရိကန်နှင့် ဗြိတိန်အကြား နှစ်နိုင်ငံဆက်ဆံရေးအရ မျက်နှာပျက်ဖွယ်ဖြစ်သည်။

မဟာဗျူဟာမြောက် လက်နက်များလျှော့ချရေးစာချုပ်(စတာ့တ်)အသစ်သည် အမေရိကန်နှင့်ရုရှား နှစ်နိုင်ငံအကြား နျူကလီးယားလက်နက်များ အသီးသီးလျှော့ချနိုင်ရေးကို ရည်ရွယ်ထားသည်။

နှစ်နိုင်ငံသမ္မတများဖြစ်ကြသည့် ဘာရတ် အိုဘားမားနှင့် ဒီမီထရီမက်ဗီဒက်ဗ်တို့သည် ချက်နိုင်ငံ ပရာဟာမြို့တွင်၂၀၁၀ ခုနှစ် ဧပြီ ၈ ရက်၌ ထိုစာချုပ်ကို ပထမဆုံး လက်မှတ်ရေးထိုးခဲ့ကြသည်။

ဗြိတိန်နိုင်ငံသည် ယခုအချိန်အထိ ၎င်း၏ နျူကလီးယားလက်နက် သိုလှောင်ရုံအတွင်း၌ ပမာဏ မည်မျှရှိသည်ကို အတည်ပြုပြောကြားရန် ငြင်းပယ်သည့် မူဝါဒကို လက်ခံကျင့်သုံးဆဲဖြစ်သည်။

ဝီကီလိခ်စ်နှင့် ၎င်း၏မိတ်ဖက် ဒေးလီးတယ်လီဂရပ်တို့ ထုတ်ပြန်ခဲ့သည့် အမေရိကန်သံရုံးများမှ ကြေးနန်းစာ ၁၄၀၀ ကျော်တွင် ယင်းဆွေးနွေးပွဲအကြောင်း ပါဝင်သည်။ **အင်တာနက်။**

အာကာသထိုးစစ်လက်နက်များ တရုတ်တည်ဆောက်မှု အမေရိကန်ပြည်ထောင်စု စိုးရိမ်မကင်းဖြစ်နေ

ဝါရှင်တန် ဖေဖော်ဝါရီ ၆

ဂြိုဟ်တုများကို ပစ်ချနိုင်သော သို့မဟုတ် ဂြိုဟ်တုများ၏ အချက်ပြထုတ်လွှင့်မှုစနစ်ကို ဖျက်ဆီးနှောင့်ယှက်နိုင်သော အာကာသထိုးစစ်လက်နက်များကို တရုတ်နိုင်ငံက တည်ဆောက်နေကြောင်း အမေရိကန် ပင်တဂွန်စစ်ဌာနချုပ် တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၄ ရက်တွင် ပြောကြားသည်။

အာကာသထိုးစစ်သုံးလက်နက်များ တည်ဆောက်ရေးကဏ္ဍ၌ တရုတ်နိုင်ငံက ပိုမိုရင်းနှီးမြှုပ်နှံလာခြင်းသည် အမေရိကန်ပြည်ထောင်စုအတွက် အလေးအနက်ထားရမည့် အရေးကိစ္စဖြစ်ကြောင်း အာကာသမူဝါဒရေးရာဆိုင်ရာ ကာကွယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး ဂရီဂိုရီရှော့သ်က ပြောကြားသည်။

(၁၀)နှစ် မဟာဗျူဟာ

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနနှင့် ထောက်လှမ်းရေးအဖွဲ့အစည်းများ ပူးပေါင်း၍ အမျိုးသားအာကာသလုံခြုံရေး (၁၀)နှစ် မဟာဗျူဟာကို ဖေဖော်ဝါရီ ၄ ရက်က ရေးဆွဲထုတ်ပြန်ခဲ့သည်။

ယှဉ်ပြိုင်သူနှင့် စိန်ခေါ်သူများ ပိုမိုများပြားလာသော အာကာသပြိုင်ပွဲ၌ အမေရိကန်နိုင်ငံအနေဖြင့် ၎င်း၏ ပိုင်ဆိုင်ခွင့်ကို ကြံ့ကြံ့ခံကာကွယ်နိုင်ရေးအတွက် အာကာသဆိုင်ရာ ၁၀နှစ် စီမံချက်တစ်ရပ်ကို အမျိုးသားအာကာသလုံခြုံရေး (၁၀)နှစ် မဟာဗျူဟာ(အင်န်အက်စ်အက်စ်အက်စ်)က ဖော်ဆောင်ထားသည်။

ပိုင်ဆိုင်သည့်နေရာမဟုတ်

အာကာသဟင်းလင်းပြင်သည် အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့ကသာ ပိုင်ဆိုင်သည့်နေရာ မဟုတ်တော့ကြောင်း၊ အာကာသကို ငြိမ်းချမ်းစွာအသုံးချရေးအား ဖီလာပြု၍ အာကာသထိုးစစ်သုံးလက်နက်များ တည်ဆောက်လျက်ရှိသော အခြားနိုင်ငံများလည်း ပေါ်ထွက်လျက်ရှိရာ မိမိတို့အနေဖြင့် စိုးရိမ်မကင်းဖြစ်မိကြောင်း အမေရိကန်လက်ထောက်ကာကွယ်ရေးဝန်ကြီးကဆိုသည်။ **အေအက်ဖ်ပီ။**

အမေရိကန် ရေတပ်သင်္ဘောတစ်စင်းပေါ်မှ အာရ်အိုင်အမ်-၁၆၁ ဂြိုဟ်တုဖျက်ဒုံးပျံ စမ်းသပ်ပစ်ခတ်စဉ်။



အာဖဂန် ပြည်တွင်းလုံခြုံရေးတာဝန် အာဖဂန်တပ်ဖွဲ့များ မတ် ၂၁ ရက်တွင် စတင်လွှဲပြောင်းယူမည်ဟုဆို

မြူးနစ် ဖေဖော်ဝါရီ ၆

အာဖဂန်နစ္စတန်နိုင်ငံ၏ ပြည်တွင်းလုံခြုံရေးကိစ္စအဝဝကို နိုင်ငံတကာတပ်ဖွဲ့များထံမှ အာဖဂန်တပ်ဖွဲ့များက မတ် ၂၁ ရက်တွင် စတင်လွှဲပြောင်းယူမည်ဖြစ်ကြောင်း အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ယနေ့ ပြောကြားသည်။

အာဖဂန်စစ်မြေပြင်ရှိတပ်ဖွဲ့ဝင် ၁၅၀၀၀၀ ကို လာမည့် လမှစ၍ တစ်ဆင့်ချင်းရုပ်သိမ်းရန် ရည်ရွယ်ထားသော အနောက်အုပ်စုမဟာမိတ်များသည် အာဖဂန်၏ ပြည်တွင်းလုံခြုံရေးကို အာဖဂန်တပ်ဖွဲ့များလက်သို့ လွှဲပြောင်းနိုင်ရန် မျှော်လင့်ထားသည်။

မတ် ၂၁ ရက်တွင် ကျရောက်သည့် အာဖဂန်နစ္စတန်၏ နှစ်သစ်ကူးနေ့တွင် လုံခြုံရေးတာဝန် ပထမဆုံးလွှဲပြောင်းရယူမှုကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း အာဖဂန်သမ္မတ ဟာမစ် ကာဇိုင်းက ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ကျင်းပသော နိုင်ငံတကာ လုံခြုံရေးညီလာခံတစ်ရပ်၌ ပြောကြားခဲ့သည်။

အာဖဂန်ပြည်တွင်းလုံခြုံရေးတာဝန်များ လွှဲပြောင်းမှုကို ၂၀၁၀ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ရန် နေတိုးအဖွဲ့က ကနဦးက စီစဉ်ခဲ့သည်။

သို့ရာတွင် အာဖဂန်စစ်ဘက်ကို ပြုပြင်ဖွဲ့စည်းရာတွင် အောင်မြင်မှုနည်းပါးခြင်းနှင့် ဆူပူသောင်းကျန်းမှုများ အရှိန်မြင့်တက်ခဲ့သောကြောင့် နေတိုးအဖွဲ့၏ စီမံချက်မဖြစ်မြောက်ခဲ့ပေ။ **အမ်အင်အေ၊ရိုက်တာ။**

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်း(ယာ)နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး(ဝဲ)တို့ကို မြူးနစ်မြို့၌တွေ့ရစဉ်။

ငှက်ဖျားပိုး သယ်ဆောင်နိုင်ဖွယ်ရှိသည့် ခြင်မျိုးစိတ်သစ် တွေ့ရှိ

ပါရီ ဖေဖော်ဝါရီ ၆

ငှက်ဖျားရောဂါပိုးကို သယ်ဆောင်သည့် Anopheles gambiae ခြင်မျိုးစိတ်ဝင် ခြင်တစ်မျိုးကို သိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၄ ရက် သတင်းများတွင် ဖော်ပြသည်။

Anopheles gambiae ခြင်မျိုးစိတ် **(အောက်ပုံ)**သည် အာဖရိကတိုက်၌ ဖြစ်ပွားခဲ့သော ငှက်ဖျားရောဂါ ကူးစက်ပျံ့နှံ့မှုများ၏ အဓိကလက်သည်ဖြစ်သည်။

ယခုအသစ်တွေ့ရှိခဲ့သော ခြင်မျိုးစိတ်ကို ပြင်သစ်နိုင်ငံ ပါရီမြို့တော် ပတ်စချာအင်စတီကျူမှ သိပ္ပံပညာရှင်များက ဘာကီနာဖာဆိုနိုင်ငံ၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းခြင်မျိုးစိတ်သည် လူသားတို့နေထိုင်ရာဒေသများနှင့် အလှမ်းကွာသော နေရာများ၌ ကျက်စားခြင်းကြောင့် ၎င်းတို့ကို အမျိုးအမည်အားဖြင့် ခွဲခြားထားသေးဖွယ်မရှိကြောင်း သိရသည်။

ပြင်သစ်ပညာရှင်များသည် ဘာကီနာဖာဆိုနိုင်ငံတွင်းရှိ ရေအိုင်၊ ဗွက်အိုင်များ၌ ခြင်မျိုးစိတ်များကို လေးနှစ်ကြာမျှ စုဆောင်းခဲ့ရာမှ ယခုခြင်မျိုးစိတ်သစ်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းခြင်များကို ဓာတ်ခွဲခန်း၌ လေ့လာစမ်းသပ်ခဲ့ရာ Anopheles gambiae ခြင်မျိုးစိတ်နှင့် ဗီဇအားဖြင့် ကွဲပြားမှုများ ရှိကြောင်း ပြင်သစ်သိပ္ပံပညာရှင်များက သိရှိခဲ့ရသည်။

ယင်းခြင်မျိုးစိတ်သည် ငှက်ဖျားရောဂါ ကပ်ပါးပိုးများကို အလွယ်တကူလက်ခံ သယ်ဆောင်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ **အင်တာနက်။**

ကိုလံဘီယာ ရဲအရာရှိဟောင်း ရှစ်ဦးကို ဖမ်းဆီး

ဘိုဂိုတာ ဖေဖော်ဝါရီ ၆

ကိုလံဘီယာ ရဲအရာရှိဟောင်း ရှစ်ဦးကို မူးယစ်ဆေးဝါးဂိုဏ်းများနှင့် ပူးပေါင်းခဲ့ကြောင်း သံသယရှိသဖြင့် ဖမ်းဆီးခဲ့သည်ဟု စနေနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရဲတပ်ဖွဲ့က ရှာဖွေသိမ်းဆည်းခဲ့သည့် ကွန်ပျူတာ မှတ်ဉာဏ်ကတ်တွင် အဆိုပါ ရှစ်ဦးနှင့် မူးယစ်ဂိုဏ်းတို့၏ ဆက်သွယ်မှုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ရက်(ခ်)ထရိုဂျို့စ်ဂိုဏ်းအဖွဲ့ဝင်များက ရဲအရာရှိများကို ငွေပေးစဉ် ရိုက်ကူးထားသည့် ဗီဒီယိုကို မှတ်ဉာဏ်ကတ်မှ တစ်ဆင့် ကြည့်ရသည်ဟု ဆိုသည်။

၎င်းအရာရှိများသည် ၂၀၀၉ ခုနှစ်အထိ ရဲတပ်ဖွဲ့၏ ဩဇာအာဏာရှိသည့် ရာထူးများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်ဟု သတင်းများတွင် ဖော်ပြသည်။

ယင်းသို့တာဝန်ထမ်းဆောင်စဉ်ကာလ၌ ယင်းမူးယစ်ဂိုဏ်းကို ဗယ်လီဒဲလ်ကော့ကားဒေသအား ကြီးစိုးခွင့်ပြုခဲ့သည်ဟု ရဲအရာရှိဟောင်းများကို စွပ်စွဲခဲ့သည်။

၎င်းတို့ ပြစ်မှုကျူးလွန်ခဲ့ကြောင်း သက်သေအထောက်အထားများကို ကိုလံဘီယာ စုံထောက်များက နှစ်နှစ်ကြာမျှ ရှာဖွေစုဆောင်းခဲ့ကြရသည်ဟု ဆိုသည်။

ဗဲယ်လီဒဲလ်ကော့ကား လုံခြုံရေးရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူး ဂျူလီယိုဆီရာ ဆန်းချက်(စ်)က ၎င်းရဲအရာရှိ ရှစ်ဦးသည် ရက်(စ်)ထရိုဂျို့စ်ဂိုဏ်းကို လွတ်လပ်စွာ လှုပ်ရှားခွင့်ပြုခဲ့ပြီး ဒေသအတွင်း ပျံ့နှံ့လာခြင်းကို ထိန်းချုပ်ခြင်းလည်း မပြုခဲ့ကြဟု ပြောကြားသည်။ **အင်တာနက်။**

ဆိုမာလီပင်လယ်ဓားပြဟု ယူဆရသူ ၂၈ ဦး အိန္ဒိယရေတပ်ဖမ်းဆီး

နယူးဒေလီ ဖေဖော်ဝါရီ ၆

တနင်္ဂနွေနေ့က အိန္ဒိယသမုဒ္ဒရာအတွင်း၌ လက်နက်များဖြင့် အပြန်အလှန် ပစ်ခတ်ကြပြီးနောက် အိန္ဒိယရေတပ်သည် ထိုင်းငါးဖမ်းသင်္ဘောပေါ်မှ ဆိုမာလီ ပင်လယ်ဓားပြများဟု ယူဆရသူ မသင်္ကာသူ ၂၈ ဦးကို ဖမ်းဆီးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်နက်ချ

အဆိုပါ ပင်လယ်ဓားပြများက ဂရိ အလံ လွှင့်ထူထားသည့် ကုန်သင်္ဘောတစ်စင်းကို တိုက်ခိုက်ရန် ပြင်ဆင်နေကြစဉ် အိန္ဒိယရေတပ်က တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အမ်နန်ဗီယာက ပြောသည်။ လက်ရှ်ဝါဒီကျွန်းများ၏ အနောက်ဘက် မိုင် ၁၀၀ ခန့်အကွာတွင် ပင်လယ်ဓားပြများက ၎င်းတို့ထံ ချဉ်းကပ်လာသော အိန္ဒိယရေတပ် ကမ်းခြေစောင့်သင်္ဘောနှစ်စင်းကို ဆီးကြိုပစ်ခတ်ခဲ့ကြောင်း၊ သို့သော် နောက်ပိုင်း၌ အလံဖြူလွှင့်တင်၍ လက်နက်ချခဲ့ကြကြောင်း နန်ဗီယာက ပြောသည်။

ထိုင်းငါးဖမ်းသင်္ဘော ပရန်တာလေ-၁၁ မှ သင်္ဘောသား ၂၄ ဦးကို အိန္ဒိယရေတပ်က ကယ်တင်ခဲ့ကြောင်း၊ ပင်လယ်ဓားပြများက ယင်းသင်္ဘောကို ဖမ်းဆီး၍ အာရေဗီးယန်းပင်လယ်အတွင်း နေရာအနှံ့ မိခင်ပင်မသင်္ဘောအဖြစ် အသုံးပြုခဲ့ကြောင်း ဗိုလ်မှူးကြီးနန်ဗီယာက ပြောကြားသည်။

ဖမ်းဆီးခဲ့သော ပင်လယ်ဓားပြများကို အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သို့ စစ်ဆေးမေးမြန်းရန်အတွက် ခေါ်ဆောင်သွားကြောင်း သိရသည်။ **အေပီ။**

(7-2)04.pmd 1 2/7/2011, 3:22 AM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တော်ဝင်စင်တာနှင့် Cineplex ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ တော်ဝင်စင်တာနှင့် Cineplex ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး စင်တာအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တော်ဝင်မိသားစု Co., Ltd. ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို တိုင်းမှူးနှင့် တော်ဝင်မိသားစု Co., Ltd. မှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် တော်ဝင်စင်တာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် တော်ဝင်စင်တာအတွင်း လှည့်လည်ကြည့်ရှု အားပေးသည်။

အဆိုပါ တော်ဝင်စင်တာကို ဆက်သွယ်ရေးစနစ်များ၊ လျှပ်စစ်မီးပေးစနစ်များ၊ ဓာတ်လှေကား၊ စက်လှေကားစနစ်များ၊ မီးဘေးကာကွယ်ရေးစနစ်များ၊ သန့်ရှင်းရေးစနစ်များ၊ Air- Con System များ၊ စနစ်တကျ တစ်နေရာတည်းမှ ထိန်းချုပ်သည့် Central Control System တို့ အပါအဝင် ခေတ်မီနည်းစနစ်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။

ဈေးဆိုင်ခန်းများအတွက် အထပ်ငါးထပ်နှင့် ရုံးခန်းများအတွက် အထပ်လေးထပ် စုစုပေါင်း အထပ်ကိုးထပ် အဆောက်အအုံဖြစ်ပြီး Mini Theatre သုံးရုံပါဝင်သည်။ထို့အတူ Super Market, Play Ground, Furniture Show Room များ၊ ဖက်ရှင်ဆိုင်များ အပါအဝင် ဆိုင်ခန်းများ တစုတဝေးတည်း ဖွင့်လှစ်ထားရှိသဖြင့် ခေတ်မီ Shopping Center တစ်ခုဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တော်ဝင်စင်တာအတွင်း ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တောင်ဥက္ကလာကျောင်းပေါင်းစုံ ဘက်စုံဆုပေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မြို့နယ်ပညာရေးမှူးရုံး၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်းစုံ ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီတွင် အထက(၂) သီရိမြန်မာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်မာဆွေတို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ တက်ရောက်လာသော ဧည့်သည်တော်များနှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများက ဘက်စုံပညာရည်ချွန်ဆုရ ကျောင်းများနှင့် ကျောင်းသူ၊ ကျောင်းသားများအား ဆုအသီးသီး ပေးအပ်ချီးမြှင့်သည်။ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ လက်ထောက် မြို့နယ်ပညာရေးမှူးနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းများမှ ကျောင်းအုပ်ဆရာကြီးများ၊ ဆရာမကြီးများ၊ လက်ထောက်ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူလေးများက အကပဒေသာများဖြင့် တင်ဆက်ဖျော်ဖြေကြကြောင်း သိရသည်။

(၆၄)

ဝန်ကြီး ဦးလွန်းသိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတ ကမ်းလွန်ရေနံအခြေစိုက်စခန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကေတကမ်းလွန် ရေနံအခြေစိုက်စခန်းသို့ရောက်ရှိရာ ရှေးဦးစွာ အစည်းအဝေးခန်းမ၌အထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သာကေတကမ်းလွန် ရေနံအခြေစိုက်စခန်းသည် မိမိတို့ ဝန်ကြီးဌာန၏ အရေးကြီးလုပ်ငန်းစဉ်ဖြစ်သော ကုန်းတွင်းနှင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်လျက်ရှိသည့် နိုင်ငံတစ်ဝန်းမှ နေရာဒေသများသို့ ရေနံတွင်းတူးစက်နှင့် ဆက်စပ်ပစ္စည်းများ၊ ရေနံတွင်းသုံး Chemical များနှင့် အခြားထောက်ပံ့ရေးပစ္စည်းများ သို့လောင်ပို့ဆောင်ဖြန့်ဖြူးပေးရသော Logestic Base စခန်းကြီးဖြစ်သဖြင့် လိုအပ်သောနေရာသို့ လိုအပ်သောပစ္စည်းများကို အချိန်မီရောက်ရှိရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းပံ့ပိုးကြိုးပမ်းသွားရန်လိုကြောင်း၊ နိုင်ငံပိုင်ပစ္စည်း၊ ယန္တရားများဖြစ်သဖြင့် လုပ်ထုံးလုပ်နည်းများအတိုင်း စနစ်တကျဆောင်ရွက်ပြီး စာရင်းများကိုက်ညီရန်နှင့် အလေအလွင့်နည်းပါးရန် အထူးကြပ်မတ်သွားရန်လိုကြောင်းဖြင့် ပြောကြားကာ ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးသည် စခန်းဝင်းအတွင်းရှိ ပျော်ဘွယ်-ပျဉ်းမနား-ရေနီ-တောင်ဖီလာ ၁၂ လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းအတွက် ပိုက်လိုင်းများ ပို့ဆောင်ဖြန့်ဖြူးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စခန်းဝင်းအတွင်းရှိ CNG သဘာဝ ဓာတ်ငွေ့သုံး မော်တော်ယာဉ်ဌာနသို့ ရောက်ရှိကာ CNG မော်တော်ယာဉ်များ နှစ်ပတ်လည်စစ်ဆေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လှည့်လည်စစ်ဆေး

ထို့နောက် CNG ဖိအားဖြင့် သဘာဝဓာတ်ငွေ့အိုးများ ဖိအားစမ်းသပ်စက်ရုံသို့ရောက်ရှိပြီး CNG ဆလင်ဒါအိုးများကို ခေတ်မီစက်များဖြင့် အိုးဒဏ်ရာရှိ၊ မရှိ စစ်ဆေးခြင်း၊ အိုးအတွင်း အမှိုက်များကို ရှင်းလင်းခြင်း၊ ရေအားဖြင့် သတ်မှတ်ဖိအားခံနိုင်ရည်ရှိ၊ မရှိ စမ်းသပ်ခြင်း၊ ဓာတ်ငွေ့ယိုစိမ့်မှုရှိ၊ မရှိ စစ်ဆေးခြင်း စသည်ဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စမ်းသပ်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၀၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၀ ၈။ အတီးပြိုင်ပွဲ
၈း၂၅ ၉။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၁၅ ၃။ တေးဂီတအစီအစဉ်
၄း၂၅ ၄။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄း၃၅ ၅။ ၂၀၁၁ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(ဇီဝဗေဒဘာသာရပ်)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၁၅ ၈။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၀ ၉။ မြန်မာတေးသံရှင် ရွေးချယ်ပွဲ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၆)**
၇း၄၀ ၁၄။ "ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ" (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ "ကမ္ဘာကျော်သရုပ်ဆောင်များ" (အပိုင်း-၁၀)
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၃၀)(ဇာတ်သိမ်းပိုင်း)**
၂၀။ အစီအစဉ်ပြီး၏။

ရန်ကုန်မြို့ လှိုင်မြို့နယ် မြကန်သာအိမ်ရာနေ ဒေါ်ခိုင်ဆုလင်း၊ သား-မောင်ကောင်းဇင်လင်း မိသားစုက ဒေါ်ခိုင်ဆုလင်းမွေးနေ့ အထိမ်းအမှတ်အဖြစ် ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ရန်ကင်းပညာရေးကောလိပ် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)၊ ရန်ကင်းပညာရေးကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇ ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးနု ဖုန်း-၆၃၈၃၅၅၊ ဦးသာအောင်ကျော် ဖုန်း-၃၉၆၃၁၂၊ ဦးမြကျော် ဖုန်း-၅၆၆၆၁၅၊ ဦးရန်နောင် ဖုန်း-၆၄၄၀၉၈၊ ဦးလှထွန်း ဖုန်း-၆၄၆၁၈၃၊ ဦးအောင်ချိန် ဖုန်း-၀၂-၆၄၆၁၄၊ ဦးအေးလွင် ဖုန်း-၀၉-၅၅၀၂၂၈၉၊ ဒေါ်အေးအေးစိုး ဖုန်း-၀၆၇-၄၀၇၃၉၅၊ ဦးသိန်းလွင် ဖုန်း-၄၀၀၁၆၂၊ ဦးစိန်သွေး ဖုန်း-၅၆၁၅၆၅၊ ဦးကျော်ဒွေး၊ ဦးစိုးတင့် ဖုန်း-၃၈၉၆၄၇၊ ဦးကျော်တင့် ဖုန်း-၅၇၁၃၄၀၊ ဦးကြည်ဝင်း ဖုန်း-၃၇၄၂၆၉၊ ဒေါ်ယဉ်ယဉ်နွဲ့ ဖုန်း-၀၅၆-၂၁၃၁၂၊ ဒေါ်ဟေမာဝေ ဖုန်း-၂၀၂၈၄၆ တို့သို့လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး ပညာရေးမှူးရုံးများမှ တစ်ဆင့်လည်းကောင်း ဧပြီ ၂၅ ရက်နောက်ဆုံးထား၍ အလှူငွေနှင့်ပစ္စည်းများ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ လူမှုဝန်ထမ်းဦးစီးဌာန ကျိုင်းတုံမူလတန်းကြို ကျောင်းတွင် ကာယစွမ်းရည်အာလူးကောက်ပြိုင်ပွဲ၌ ပထမရရှိသော မောင်မင်း ခန့် ကျော်ထင် အား ပြည်နယ် အမျိုးသမီး ရေး ရာ အဖွဲ့ဝင်ဒေါ်နွဲ့နွဲ့မူ ဆုချီးမြှင့်စဉ်။

(ပြည်နယ်ပြန်/ဆက်)

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေးအဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကယားပြည်နယ်

လွိုင်ကော်တက္ကသိုလ်

ကယားပြည်နယ်ရှိ လွိုင်ကော်တက္ကသိုလ်ကြီးတွင် ပညာတတ် တိုင်းရင်းသား လူငယ်မောင်မယ်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ကယားပြည်နယ်တစ်ခွင်

ကယားပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရှေ့ပိုင်းတွင်တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၄၅၂၉ ဒသမ ၅၆ မိုင် ကျယ်ဝန်းသည်။ ကယား၊ ကယန်း၊ မိုနို၊ ကယော၊ ယင်းတလဲ၊ ဂေခို၊ ဂေဘား စသည့် တိုင်းရင်းသား မျိုးနွယ်များနှင့် ကချင်၊ ကရင်၊ ချင်း၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ အင်းသား စသည့် တိုင်းရင်းသားပြည်သူများ အေးအတူပူအမျှ အတူတကွ စုပေါင်းနေထိုင်ကြသည်။

ကုန်းမြင့်ဒေသ၌တည်ရှိသော ပြည်နယ်တစ်ခုဖြစ်ကာ ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်နေပြီး မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းသော မြစ်အများစုသည် တောင်ကုန်းထူထပ်သောဒေသကို ဖြတ်သန်းရသဖြင့် ရေစီးသန်သည်။ အင်းလေးကန်မှ စတင်စီးဆင်းသော ဘီလူးချောင်း၏ အကျိုးကျေးဇူးကြောင့် လွိုင်ကော်ဒေသတွင် လောပိတ(၁)၊ လောပိတ(၂) နှင့် လောပိတ(၃)ဟူ၍ နိုင်ငံတော်၏ လျှပ်စစ်စွမ်းအားအတွက် အားထားရသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပေါ်ထွက်လာသည့်အပြင် လွိုင်ကော်လွင်ပြင်တွင်လည်း မြေဩဇာကောင်းမွန်သော စိုက်ပျိုးမြေများ ဖြစ်ထွန်းလာသည်။

ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံသည် တည်ငြိမ်ခြင်းနှင့် ငြိမ်းချမ်းရေးပင်ဖြစ်သည်။ တပ်မတော်အစိုးရသည် ၁၉၈၈ ခုနှစ် နိုင်ငံ့တာဝန် စတင်ယူရချိန်မှစပြီး တောတွင်းလက်နက်ကိုင်အဖွဲ့များအား လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်းဝင်ရောက်လာရန် လက်ကမ်းကြိုဆိုခဲ့သည်။ ယင်းသို့ မွန်မြတ်သောသဘောထားစေတနာမှန်ဖြင့် မမှိတ်မသုန် ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာစွာဖြင့် တိုင်းရင်းသားများအားလုံး ဆူကြံ့နိမ့်မြင့် ကွာဟချက်မရှိ ပြိုင်တူဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

နိုင်ငံတော်က ဖော်ဆောင်ပေးခဲ့သော ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် အကျိုးဆက်ကို ကယားပြည်နယ်သည်လည်း အခြားပြည်နယ်/ တိုင်းဒေသကြီးများနှင့်မခြား ပြိုင်တူရရှိ ခံစားခဲ့ရသည်။ ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းမှုရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုအလှများ ဝေဆာလာခဲ့ရာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များ အစီအရီပေါ်ထွန်းလာသဖြင့် ကယားပြည်နယ်သည် ၁၉၈၈ ခုနှစ်ကာလကထက် မျက်မှောက်ကာလ၌ ဖွံ့ဖြိုးတိုးတက်မှုများ သိသာထင်ရှားစွာ ဖြစ်ပေါ်လျက်ရှိသည်။ ။

ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	စိုက်ပျိုးမြေဧရိယာ	ဧက	၈၈၄၃၂	၁၇၇၉၁၂	၈၉၄၈၀
၂	ဆည်တမံ	ခု	၂၈	၃၂	၄
၃	မြစ်ရေတင်လုပ်ငန်း	ခု	-	၃	၃
၄	ကြိုးဝိုင်းတော	စတုရန်းမိုင်	၇၄	၂၇၀	၁၉၆
၅	ကြိုးပြင်ကာကွယ်တော	စတုရန်းမိုင်	-	၂၁၈၀. ၇၂	၂၁၈၀. ၇၂
၆	ရထားလမ်း	မိုင်	-	၁၀၁. ၉၂	၁၀၁. ၉၂
၇	ကားလမ်း	မိုင်	၄၄၅	၅၈၁	၁၃၆
၈	ပေ ၁၈၀ အထက်တံတား	စင်း	၆	၈	၂
၉	စာတိုက်စခန်း	ခု	၁၁	၁၄	၃
၁၀	ကြေးနန်းရုံး	ရုံး	၁၀	၁၁	၁
၁၁	တယ်လီဖုန်းရုံး	ရုံး	၄	၁၂	၈
၁၂	မိုက္ကရိုဝေ့ဗ်စခန်း	ခု	-	၂	၂
၁၃	အခြေခံပညာကျောင်း	ကျောင်း	၃၃၃	၃၉၁	၅၈
၁၄	တက္ကသိုလ်၊ ကောလိပ်	ခု	-	၃	၃
၁၅	ဆေးရုံ/ကျန်းမာရေးဌာန	ရုံ/ဌာန	၄၇	၅၃	၆

လွိုင်ကော် ဘူတာ

သွားလာမှု လွယ်ကူချောမွေ့စေရန်အတွက် အသစ်တည်ဆောက် ပေးထားသော ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လွိုင်ကော်ဘူတာကို တွေ့ရစဉ်။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု

နိုင်ငံတစ်ဝန်း လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို နိုင်ငံတော်က တည်ဆောက်ပေးလျက်ရှိရာ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် တည်ဆောက်ပေးထားသည့် ဘီလူးချောင်း(၁) (လောပိတ) ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများ

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁	ထူးချောင်းတံတား (တည်ဆောက်ဆဲ)	ဖားဆောင်းမြို့နယ်	အရှည် (၂၂၈) ပေ သံကူကွန်ကရစ်တံတား
၂	အမှတ်(၃) ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်း (တည်ဆောက်ဆဲ)	လွိုင်ကော်မြို့နယ်	စက်တပ်ဆင်အင်အား (၅၂) မဂ္ဂါဝပ်

- နိုင်ငံတော်က ဖော်ဆောင်ပေးခဲ့သော ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် အကျိုးဆက်ကို ကယားပြည်နယ်သည်လည်း အခြားပြည်နယ်/တိုင်းဒေသကြီးများနှင့်မခြား ပြိုင်တူရရှိ ခံစားခဲ့။
- **ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းမှုရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုအလှများ ဝေဆာလာခဲ့။**
- ကယားပြည်နယ်သည် ၁၉၈၈ ခုနှစ် ကာလကထက် မျက်မှောက်ကာလ၌ ဖွံ့ဖြိုးတိုးတက်မှုများ သိသာထင်ရှားစွာ ဖြစ်ပေါ်လျက်ရှိ။

ငွေတောင်ဆည်

ကယားပြည်နယ်တွင် လယ်ယာစိုက်ပျိုးရေး စွမ်းအားမြင့်မားတိုးတက်စေရန်အတွက် ဆည်တမံများ တည်ဆောက်ပေးခဲ့ရာ ငွေတောင်ဆည်မှ စိုက်ပျိုးရေများအား စိုက်ပျိုးမြေများသို့ ပို့လွှတ်ပေးလျက်ရှိသည်။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

မရှိတာထက် မသိတာခက်

မောင်ဒွဲ့ဒိုး

မောင်ဒွဲ့ဒိုး။ ။ ဘကြီးဖြိုးရေ၊ ပထမအကြိမ်လွှတ်တော်အစည်းအဝေးတွေတော့ ကျင်းပနေပြီနော်။ အဲဒီလွှတ်တော်နဲ့ ပတ်သက်လို့ ဟိုက၊ ဒီကပြောသံဆိုသံတွေလည်း ကြားလာရတယ်ဗျ။

ဘကြီးဖြိုး။ ။ **ဒီလိုပဲပေါ့ကွာ။ လူအမျိုးမျိုး၊ စိတ်အထွေထွေဆိုတော့ အမြင်တွေကလည်း အမျိုးမျိုးရှိတတ်တာပေါ့။ အရေးကြီးတာက အကြောင်းအရာတစ်ခုခုကို ပြောမယ်ဆိုရင် ကိုယ်တိုင်က အဲဒီအကြောင်းနဲ့ ပတ်သက်လို့ သေသေချာချာ၊ ရေရေလည်လည် သိထားသင့်သလို အားလုံးကောင်းစေချင်တဲ့ စေတနာအရင်းခံနဲ့ ပြောကြဖို့ လိုတာပါပဲ။ အဲဒီလိုမှ မဟုတ်ရင် မတတ်တဲ့လူက မသိတဲ့လူကို တလွဲလမ်းပြတာ၊ အမနာပပြောတာမျိုးပဲဖြစ်သွားတတ်ပြီး အကျိုးမဲ့ဖြစ်သွားတတ်သကွ။**

မောင်ဒွဲ့ဒိုး။ ။ မှန်ပါ့ ဘကြီးရာ။ ဒါကြောင့် အဲဒီပြောနေဆိုနေတာတွေနဲ့ ပတ်သက်လို့ နိုင်ငံရေးမှာ အတွေ့အကြုံ ဗဟုသုတများတဲ့ ဘကြီးဆီ မေးကြည့်ချင်တာလေးတွေရှိတာနဲ့ လာခဲ့တာပဲဗျာ။

ဘကြီးဖြိုး။ ။ ကဲ ဆိုစမ်းပါဦး။ မင်းမေးချင်တဲ့ကိစ္စလေးတွေက ဘာတဲ့တုံး။

မောင်ဒွဲ့ဒိုး။ ။ ဒီလို - ဘကြီးရဲ့ ပထမဆုံးအချက်ကတော့ ကြားခဲ့တာ နည်းနည်းကြာသွားပါပြီ။ အတော်ကလေး လူသိများတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကပြောတာပါ။ ဥပဒေနဲ့ အသက်မွေးနေတဲ့သူ တစ်ယောက်ပါပဲ။ သူက ၂၀၀၈ ခုနှစ် အခြေခံဥပဒေမှာ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် စတင်ကျင်းပချိန်ကျမှ ဥပဒေက အသက်ဝင်အာဏာတည်မယ်လို့ ဆိုတယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် စပြီးကျင်းပပြီးမှ ခေါ်လို့ရမယ်။ အဲ - အခြေခံဥပဒေ အသက်မဝင်သေးဘဲလည်း ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကခေါ်လို့မရနိုင်တော့ ၂၀၀၈ အခြေခံဥပဒေအရဆိုရင် လွှတ်တော်ဆိုတာ ဘယ်လိုမှ ခေါ်မရနိုင်ဘူးလို့ ပြောခဲ့တာ ကြားမိတယ်ခင်ဗျ။

ဘကြီးဖြိုး။ ။ ဒါကတော့ ကြက်မနဲ့ ကြက်ဥ အစဘယ်လိုရှာမလဲဆိုတဲ့ ပုစ္ဆာမျိုးနဲ့ ကတ်သီးကတ်သတ်ပြောပုံရပါတယ်ကွာ။ မှန်းစမ်း ဒီမှာ ၂၀၀၈ အခြေခံဥပဒေထဲမှာကို ပါပြီးသားမဟုတ်လား၊ ပုဒ်မ ၄၄၃ မှာလေ၊ အခြေခံဥပဒေ အာဏာတည်တဲ့နေ့ မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်တဲ့လုပ်ငန်းတွေဟာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်တယ်လို့ မှတ်ယူရမယ်တဲ့။ ဒီတော့ နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တွေဟာ အခြေခံဥပဒေအရ ဆောင်ရွက်တာလို့ပဲ မှတ်ယူရမှာပေါ့။

မောင်ဒွဲ့ဒိုး။ ။ တကယ်တော့ စာကိုကျေအောင်မဖတ်ဘဲနဲ့ ပြောချင်ဇောကြီးသွားပုံပါပဲခင်ဗျာ။ အဲ - နောက်တစ်ခုကတော့ လွှတ်တော်မကျင်းပခင် တစ်ရက်လောက်ကတင်ပဲ တိုက်ရိုက်လေလှိုင်းသံဆိုပြီး ပြည်ပမီဒီယာတစ်ခုက လွှင့်သွားတဲ့ ကိစ္စခင်ဗျ။ သူပြောတဲ့အထဲမှာ အရင်လွှတ်တော်ကိုယ်စားလှယ်ဟောင်းဆိုတဲ့သူနဲ့ အင်တာဗျူးတာကြားမိတယ်။ အဲဒီကိုယ်စားလှယ်ဟောင်းကြီးက ဘာပြောသလဲဆိုတော့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ ဥပဒေမူကြမ်းကို တင်တဲ့အခါ လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကတင်မှ ဒီဥပဒေမူကြမ်းဟာ ဆွေးနွေးဖို့အဆင့်ကို ရောက်မှာဖြစ်တယ်။ အခုလွှတ်တော်မှာ စစ်ဘက်နဲ့ ပြည်ခိုင်ဖြိုးပါတီကမဟုတ်ရင် ကျန်တဲ့ပါတီတွေက ၁၇ ရာခိုင်နှုန်းလောက်ပဲ အင်အားရှိတော့ ဥပဒေမူကြမ်းတင်ဖို့တောင်မှ မဖြစ်နိုင်ဘူးလို့ပြောတယ်။ အဲဒါကရော ဘယ်လိုလဲဆိုတာ ရှင်းပြပေးပါဦး ဘကြီးရယ်။

ဘကြီးဖြိုး။ ။ **ဒါကလည်း မင်းပြောသလိုပဲ။ စာကို သေချာမဖတ်ဘဲ လိုရာဆွဲ ထင်ရာပြောပုံရပါတယ်ကွာ။ သာမန်အားဖြင့် ပြည်သူ့လွှတ်တော်မှာပဲဖြစ်ဖြစ်၊ အမျိုးသားလွှတ်တော်မှာပဲဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဟာ ပုဒ်မ ၁၃၈(ခ) အရ ပြည်ထောင်စုလွှတ်တော်မှာပဲ တင်သွင်းဆုံးဖြတ်ဖို့ သတ်မှတ်တဲ့ ကိစ္စတွေကလွဲပြီး ကျန်ကိစ္စတွေနဲ့ စပ်လျဉ်းတဲ့ ဥပဒေမူကြမ်းတွေကို သက်ဆိုင်ရာ လွှတ်တော်မှာ စပြီးတင်သွင်းခွင့်ရှိပါတယ်။ အဲဒီလို တင်သွင်းတဲ့ ဥပဒေမူကြမ်းကို နည်းဥပဒေ ၁၅၁(ခ)အရ လွှတ်တော်ကိုယ်စားလှယ်တွေကြားမှာ ဖြန့်ဝေပြီး လွှတ်တော်က လက်ခံဆွေးနွေးဖို့သင့်၊ မသင့် လွှတ်တော်အစည်းအဝေးအထိတင်ပြီး ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ လွှတ်တော်က လက်ခံဆွေးနွေးသင့်တယ်လို့ ဆုံးဖြတ်ရင် အဲဒီဥပဒေမူကြမ်းကို ဥပဒေမူကြမ်း ကော်မတီဆီကိုလွှဲပြီး စိစစ်ခိုင်းရမှာပေါ့။ ဒါကတော့ ဗြိတိသျှပုံစံမျိုးကို ယူထားတယ်လို့ ထင်တာပဲ။ အမေရိကန်ပုံစံဆိုရင်တော့ ဥပဒေမူကြမ်းဟာ လွှတ်တော်ကို မရောက်ခင်မှာ ကော်မတီတွေ အမျိုးမျိုး အဆင့်ဆင့်က စိစစ်နေတာနဲ့တင်အတော်ကြာနေသေးတာကွ။ တချို့ဥပဒေမူကြမ်းတွေဆို လွှတ်တော်ဆီတောင် ရောက်မသွားရှာဘဲ ကော်မတီမှာတင် ကိစ္စပြတ်ကုန်ကြတာပဲ။**

မောင်ဒွဲ့ဒိုး။ ။ ဒါဖြင့်ရင် သူက ဘာလို့ ၂၅ ရာခိုင်နှုန်းလို့ ပြောရတာလဲ ဘကြီးရဲ့။

ဘကြီးဖြိုး။ ။ ငါထင်တာတော့ သမ္မတနဲ့ ဒုတိယသမ္မတကို စွပ်စွဲပြစ်တင်ဖို့ အဆိုတင်သွင်းမယ်ဆိုရင် အမတ်လေးပုံတစ်ပုံက လက်မှတ်ရေးထိုး တင်သွင်းရမယ်ဆိုတဲ့ အခြေခံဥပဒေပုဒ်မ ၇၁(ခ)ကို အမှတ်မှားပြီး စွဲသွားတယ်ထင်ပါ့ကွာ။ ဒါကြောင့် ပြောတာပေါ့ "မရှိတာထက် မသိတာခက်"လို့။ မသိတာထက် ပိုခက်တာက မသိဘဲနဲ့ ဟိုပြောသည်ပြော ပြောတာပဲဟေ့။

မောင်ဒွဲ့ဒိုး။ ။ အဲ - နောက်တစ်ယောက်က ပြောတာလည်းရှိသေးတယ် ဘကြီးရ။ ပြည်သူ့လွှတ်တော် နေရာစုစုပေါင်း ၄၃၅ နေရာမှာ တိုင်းရင်းသားပါတီတွေက ၄၄ နေရာပဲ အနိုင်ရထားပြီး အမျိုးသားလွှတ်တော် ၁၆၈ နေရာမှာလည်း တိုင်းရင်းသားပါတီတွေက ၂၈ နေရာပဲရှိတော့ ဘာမှဖြစ်မြောက်အောင် ဆောင်ရွက်နိုင်မှာမဟုတ်ဘူးလို့ ပြောတယ်ဗျ။

ဘကြီးဖြိုး။ ။ ဒါကတော့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ အဆုံးအဖြတ်ပဲပေါ့ကွာ။ စင်ကာပူနိုင်ငံမှာဆိုရင် လွှတ်တော်ကလည်း တစ်ရပ်တည်းပဲရှိတယ်။ ရှိတဲ့လွှတ်တော်မှာလည်း အမတ်နေရာ ၉၄နေရာမှာ ခန့်အပ်တဲ့အမတ်က ၁၀ နေရာ၊ အာဏာရ ပီအေပီပါတီက ၈၂ နေရာ အနိုင်ရထားပြီး အတိုက်အခံက ၂ နေရာပဲရှိတယ်။ ဒါတောင်မှ အတိုက်အခံဆိုတာ ဒီမိုကရေစီမှာ မရှိမဖြစ်လို့ နေရာချန်ထားပေးရတာ။ ဒါကလည်း စင်ကာပူလူထုက ပီအေပီကို ကြိုက်လို့မဲထည့်ကြတာ၊ ဘာပြောလို့ရမလဲကွာ။ အဲဒါက ဒီမိုကရေစီကျင့်စဉ်ပဲလေ။ ဒါပေမယ့်လည်း စင်ကာပူမှာ သူ့အရပ်နဲ့သူ့ဇာတ်က အလုပ်ဖြစ်နေတာပဲ မဟုတ်လား။ မလေးရှားမှာဆိုလည်း အောက်လွှတ်တော်မှာ အမတ်နေရာ ၂၂၂ နေရာရှိတာမှာ အာဏာရ ယူအမ်အင်အိုက ၁၃၇ နေရာ၊ အတိုက်အခံတွေက ၈၅ နေရာရထားကြတာလေ။ **လွှတ်တော်မှာ အများစုနေရာမရတဲ့ ပါတီတွေအတွက်လည်း လုပ်စရာတွေက အများကြီးရှိနေတာပါပဲ။ လွှတ်တော်ကော်မတီတွေမှာ ပါလို့ရတယ်။ လွှတ်တော်မှာ ဥပဒေမူကြမ်းတင်နိုင်တယ်။ တစ်ဖက်က တင်လာတဲ့ ဥပဒေမူကြမ်းကို ဆွေးနွေးအကြံပေးလို့ရတယ်။ လိုတာတွေ ပြင်ဆင်ပေးဖို့ တောင်းဆိုနိုင်တယ်။ လုံလောက်တဲ့ အင်အားရှိရင် သမ္မတ၊ ဒုတိယသမ္မတနဲ့ ဝန်ကြီးတွေကို စွပ်စွဲပြစ်တင်ဖို့၊ အခြေခံဥပဒေကို ပြင်ဆင်ပေးဖို့ တင်ပြနိုင်တယ်။ လွှတ်တော်ထဲမှာ အခြေခံဥပဒေနဲ့အညီ လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေးနိုင်တယ်။ လွှတ်တော်မှာ ပြောဆိုဆွေးနွေးမှုတွေအပေါ် အရေးယူအပြစ်ပေးလို့မရဘူး။ ဒါတွေဟာ ၂၀၀၈**

လွှတ်တော်ထဲမှာ အခြေခံဥပဒေနဲ့အညီ လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေးနိုင်တယ်။ လွှတ်တော်မှာ ပြောဆိုဆွေးနွေးမှုတွေအပေါ် အရေးယူအပြစ်ပေးလို့မရဘူး။ ဒါတွေဟာ ၂၀၀၈ ခုနှစ် အခြေခံဥပဒေထဲမှာ ပုဒ်မတွေနဲ့ သေချာပြဋ္ဌာန်းပေးထားပြီးသား။ ဒီအခြေခံဥပဒေကိုလည်း ပြည်သူအများစုက ထောက်ခံမဲပေးပြီး အတည်ပြုထားတာ ဒီထက် ပိုပြီးလေးနက် ခိုင်မာတာ ဘယ်ရှိတော့မလဲကွ။ ဒီမိုကရေစီဆိုတာကတော့ အများစုရဲ့ ဆုံးဖြတ်ချက်ကို အနည်းစုက လေးစားလိုက်နာရပြီး အနည်းစုရဲ့ ဆန္ဒကိုလည်း အများစုက အလေးထားစဉ်းစားပေးရတဲ့ အင်မတန်မွန်မြတ်ယဉ်ကျေးတဲ့ ဆက်ဆံရေးလုပ်ငန်းစဉ်ကြီးပါကွာ။



…င်ဒွဲဒိုး

…ဆွေးနွေးသင့်တယ်လို့
…ပဒေမူကြမ်း ကော်မတီ
…တော့ ဗြိတိသျှပုံစံမျိုးကို
…မရိကန်ပုံစံဆိုရင်တော့
…ရောက်ခင်မှာ ကော်မတီ
…တာနဲ့တင်အတော်ကြာ
…တွေဆို လွှတ်တော်ဆီ
…မတီမှာတင် ကိစ္စပြတ်

…င်နှုန်းလို့ ပြောရတာလဲ

…တိယသမ္မတကို စွပ်စွဲ
… အမတ်လေးပုံတစ်ပုံက
…တဲ့ အခြေခံဥပဒေပုဒ်မ
…ထင်ပါ့ကွာ။ ဒါကြောင့်
…ခက်”လို့၊ မသိတာထက်
…ပြော ပြောတာပဲဟ့။
…တာလည်းရှိသေးတယ်
…စုစုပေါင်း ၄၃၅ နေရာ
…နေရာပဲ အနိုင်ရထားပြီး
…လည်း တိုင်းရင်းသား
…ာမှုဖြစ်မြောက်အောင်
…တယ်ဗျ။
…အဆုံးအဖြတ်ပဲပေါ့ကွာ။
…လည်း တစ်ရပ်တည်းပဲ
…မတ်နေရာ ၉၄နေရာမှာ
…ဏာရ ပီအေပီပါတီက
…တ်အခံက ၂ နေရာပဲရှိ
…ာ ဒီမိုကရေစီမှာ မရှိ
…ကလည်း စင်ကာပူလူထု
…ာ၊ ဘာပြောလို့ရမလဲ
…လေ။ ဒါပေမယ့်လည်း
… အလုပ်ဖြစ်နေတာပဲ
… အောက်လွှတ်တော်မှာ
…ာဏာရ ယူအမ်အင်အို
… ၈၅ နေရာရထားကြ
…နေရာမရတဲ့ ပါတီတွေ
…များကြီးရှိနေတာပါပဲ။
…ရတယ်။ လွှတ်တော်မှာ
…က တင်လာတဲ့ ဥပဒေ
…။ လိုတာတွေ ပြင်ဆင်
…က်တဲ့ အင်အားရှိရင်
…တွေကို စွပ်စွဲပြစ်တင်ဖို့၊
…ပြုနိုင်တယ်။ လွှတ်တော်
…လွှတ်လပ်လပ် ပြောဆို
…ပြောဆိုဆွေးနွေးမှုတွေ
…ူး။ ဒါတွေဟာ ၂၀၀၈



ခုနှစ် အခြေခံဥပဒေထဲမှာ ပုဒ်မတွေနဲ့ သေချာပြဋ္ဌာန်းပေးထားပြီးသား။ ဒီအခြေခံဥပဒေကိုလည်း ပြည်သူအများစုက ထောက်ခံမဲပေးပြီး အတည်ပြုထားတာ။ ဒီထက်ပိုပြီးလေးနက်ခိုင်မာတာ ဘယ်ရှိတော့မလဲကွ။ ဒီမိုကရေစီဆိုတာက တော့ အများစုရဲ့ ဆုံးဖြတ်ချက်ကို အနည်းစုက လေးစားလိုက်နာရပြီး အနည်းစုရဲ့ ဆန္ဒကိုလည်း အများစုက အလေးထားစဉ်းစားပေးရတဲ့ အင်မတန်မွန်မြတ်ယဉ်ကျေးတဲ့ ဆက်ဆံရေးလုပ်ငန်းစဉ်ကြီးပါကွာ။ ငါတို့ဆီမှာက ဒါကို အခုမှ စပြီး ပျိုးထောင်နေရတာကွ။

မောင်ဒွဲဒိုး။ ။ နောက်ဆုံးတစ်ချက်ကတော့ လွှတ်တော်မှာ လူနည်းစုပါတီတွေဟာ လက်ညှိုးထောင်ခေါင်းညိတ်၊ လက်ခုပ်တီးရုံပဲ အလုပ်ရှိတယ်။ ဘာမှလည်းပြောလို့ဆိုလို့ရမှာမဟုတ်ဘူး။ လွှတ်တော်ကလည်း တံခါးပိတ်ပြီးလုပ်တာ။ ဘာတွေပြောနေဆိုနေတယ်ဆိုတာလည်း သိရမှာမဟုတ်ဘူးလို့ ပြောနေကြပြန်တယ် ဘကြီးရ။ မီဒီယာတွေကိုလည်း ဖိတ်ကြားမှု မရှိဘူးလို့ ပြောကြတယ်။

ဘကြီးဖြိုး။ ။ လွှတ်တော်မှာ အင်အားနည်းတဲ့သူတွေ ဘာတွေလုပ်နိုင်တယ်ဆိုတာ ခုနတုန်းက ပြောခဲ့ပြီးပြီလေ။ အခြေခံဥပဒေ ပုဒ်မ ၈၉၊ ၁၃၂နဲ့ ၁၅၅ အရ လွှတ်တော်အသီးသီးရဲ့ ဆောင်ရွက်ချက်နဲ့ မှတ်တမ်းတွေကို အများပြည်သူသိရှိနိုင်ဖို့ ထုတ်ပြန်ရမယ်လို့ ပြဋ္ဌာန်းထားပြီးသားပါ။ ဒါပေမယ့် ဥပဒေအရ တားမြစ်ထားတဲ့ ကိစ္စတွေကိုတော့ ထုတ်ပြန်လို့မရဘူးပေါ့။ ဒါကလည်း ဘယ်နိုင်ငံမှာမဆို ဒီလိုပါပဲ။ တံခါးပိတ် အစည်းအဝေးတွေက ဆွေးနွေးချက်တွေဆိုရင် ပြင်ပကို ထုတ်ပြန်လို့ မရဘူးလေ။ မီဒီယာကိစ္စကတော့ နိုင်ငံပိုင်မီဒီယာတွေက လွှတ်တော်ကျင်းပတဲ့ သတင်းအပြည့်အစုံကို ထုတ်ပြန်နေတာ တွေ့မိပါတယ်။ ပုဂ္ဂလိကမီဒီယာတွေကတော့ နောက်ပိုင်း အသားကျလာတဲ့အခါ စနစ်တကျ သတင်းယူခွင့်ရလာကြလိမ့်မယ်လို့ ထင်ပါတယ်။ မီဒီယာဆိုတာနဲ့ တံခါးမရှိ၊ ဓားမရှိ ဖွင့်ပေးရမယ်ဆိုတာမျိုးတော့ ဖြစ်နိုင်မယ်မထင်ဘူး။ တစ်လောက ပုဂ္ဂလိက နာမည်ကြီးတွေရဲ့ မင်္ဂလာဆောင်မှာတောင် မီဒီယာတွေကို အတော်ထိန်းခဲ့ရသေးတာ မဟုတ်လား။ အခုဟာက တစ်နိုင်ငံလုံးရဲ့ အထွတ်အမြတ် အရေးအကြီးဆုံးနေရာဆိုတော့ လုံခြုံမှုရှိဖို့၊ စည်းကမ်းသေဝပ်မှုရှိဖို့ အတော်စဉ်းစားရမှာလေ။ အမေရိကန်လွှတ်တော်မှာလည်း လွှတ်တော်ဥက္ကဋ္ဌက သေချာစိစစ်ပြီး စိတ်ချယုံကြည်ရတဲ့ မီဒီယာတွေကိုပဲ သတင်းယူခွင့်ပေးတာတွေ့ရတယ်။ ဒါတောင် သတင်းသမားတွေအတွက် သတ်သတ်နေရာတွေ သတ်မှတ်ပေးထားတာလေ။ လွှတ်တော်ဝင်းထဲဝင်မယ်ဆိုလည်း သတ္တုရှာတဲ့ စက်နဲ့ စစ်၊ ဓာတ်မှန်ရိုက်တဲ့ စက်နဲ့ စစ်၊ အိတ်ကြီးကြီးယူခွင့်မရ၊ အချိုရည်ဘူးတောင် ယူခွင့်မရ၊ ချွန်တဲ့အရာဆို သိုးမွေးထိုးတဲ့ အပ်တောင် မယူရဆိုပြီး လုံခြုံရေးအရ တင်းကျပ်ထားတာပဲ။ ဒီလိုပဲ စည်းနဲ့ကမ်းနဲ့တော့ ဖြစ်လာလိမ့်မယ်လို့ ထင်ပါတယ်။

မောင်ဒွဲဒိုး။ ။ **ဒီမိုကရေစီဆိုတာ လွတ်လွတ်လပ်လပ် ထင်ရာပြော၊ ထင်ရာလုပ်၊ ထင်ရာစိုင်းခွင့်ရှိရမယ်ဆိုတဲ့ လွဲမှားတဲ့ အသိ အမြင်တွေနဲ့ စွတ်ပြီး ထင်ရာမြင်ရာ ပြောဆိုနေကြဦးမယ်ဆိုရင်တော့ ဘကြီးပြောခဲ့သလို “မရှိတာထက် မသိတာခက်၊ မသိတာထက် မသိဘဲထင်ရာပြောနေတာက ပိုပြီးခက်” နေဦးတော့မှာပေါ့ ဘကြီးရေ။** ။



၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊
- ☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊
- ☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

ဒို့ခေတ်တံတား

- ပြည်သူများ ဒို့တစ်ခေတ်
ဖွင့်လှစ်မည့် သည်ချိန်မှာ
စုပေါင်းညီညာ။
လက်တွဲကာ
ပြည့်ဝန်တာ ရှာဖွေရင်း။
မျိုးဆက်တွေ ပန်းနယ်တမျှ
လန်းကြစေခြင်း။
- ဘေးရန်ကာ မြန်မာသွေးမို့
မနေးပ အောင်ရမည်
ဒို့ခေတ်မျှော်ရည်။
ဒို့မြန်မာပြည်
တံတားတည်လမ်းဖောက်လို့။
ကိုယ့်နည်းဟန် မူပိုင်အရေးနဲ့
ချင့်တွေးကြစို့။
- ညီနောင်ဖွား ပြည်ထောင်အားမို့
တည်ထောင်သွား သမိုင်းတွင်
ထမ်းရွက်စေချင်။
လှမ်းချီတက်
မှန်းရည်လျက် ထင်ရှားမြင်
ပါဝင်ကြ တူမနေး။
ဒို့တစ်ခေတ် ကောင်းမွေ
တာဝန်ကျေ ကမ်းလက်ဆင့်
ဂုဏ်တင့်စိတ်မွေး။
- ဒို့ခေတ်ကို အလှသစ်မယ့်
မျိုးဆက်သစ်လူငယ်တွေ
တိုးတက်ကြပေ။
သတိဝင်လို့
အသိအမြင်ရင့်သန်စေ
ညီညွတ်လေ နောင်ညီများ။
အနာဂတ်နိုင်ငံသစ်ကို
ထုဆစ်ကာ ပုံဖော်လောင်း
ပေါင်းစုအင်အား။ ။

(၆၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

စိုးသိမ်းစိုး (ဘဏ်)

အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်အောင်မြင်မှုများအား ရေရှည်တည်တံ့အောင်ထိန်းသိမ်း လူနာနှင့် မိသားစုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ကြရန်လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၆

အင်္ဂမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်း ကော်မတီဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံ၏ကျန်းမာရေးကဏ္ဍ၌ မှတ်တမ်းတင်ရမည့် ထူးခြားသောဂုဏ်ယူစရာနေ့တစ်နေ့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုကို ခံယူ၍အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်ကို ချမှတ်ဆောင်ရွက်ခဲ့ရာတွင် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့် ကျန်းမာရေးကော်မတီအဆင့်ဆင့်၏ ပံ့ပိုးကူညီမှု၊ မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့်တကွ အပြည်ပြည်ဆိုင်ရာအနာကြီးရောဂါ ကူညီထောက်ပံ့ရေးအဖွဲ့အစည်းတို့က ငွေအား၊ လူအား၊ ပစ္စည်းအားနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများကြောင့် အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်ကို ၂၀၀၃ခုနှစ် ဇန်နဝါရီလကုန်တွင် အောင်မြင်စွာရရှိခဲ့ကြောင်း၊ တစ်နည်းအားဖြင့်ဆိုရလျှင် အနာကြီးရောဂါလူနာဖြစ်ပွားနှုန်းသည် လူဦးရေတစ်သောင်းလျှင် တစ်ဦးထက်လျော့နည်းပြီး ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ပပျောက်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်အဆင့် အနာကြီးရောဂါကင်းဝေးရေးရည်မှန်းချက်အောင်မြင်စွာရရှိခဲ့ပြီဖြစ်ကြောင်းကို ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အနာကြီးရောဂါကင်းဝေးရေး အစည်းအဝေး၌ ထုတ်ပြန်ကြေညာနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ဖေဖော်ဝါရီ ၆ ရက်ကို **"အနာကြီးရောဂါ ကင်းဝေးရေးအထိမ်းအမှတ်နေ့"** အဖြစ်သတ်မှတ်၍ ၂၀၀၄ ခုနှစ်ကစတင်ပြီး အထိမ်းအမှတ်နေ့ အခမ်းအနားများကို စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း အင်္ဂမအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း။

အထူးအလေးထားတင်ပြလိုသည်မှာ ဤအောင်မြင်မှုသည် အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်အပေါ် နိုင်ငံတော်အစိုးရ၏ အပြည့်အဝအားပေးထောက်ခံမှု၊ အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှု၊ နိုင်ငံအနှံ့အပြား၌ ဆောင်ရွက်နေသည့် အနာကြီးရောဂါ ကင်းဝေးရေးလုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးကြီးကြပ်ပေးမှု၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပြည်သူတစ်ရပ်လုံးက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်မှု၊ ကျန်းမာရေးဝန်ထမ်းများ၏ အထူးကြိုးစားဆောင်ရွက်မှုများနှင့်အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့်တကွ အပြည်ပြည်ဆိုင်ရာ အနာကြီးရောဂါတိုက်ဖျက်ရေး အဖွဲ့အစည်းများဖြစ်သော The Nippon Foundation၊ Sasakawa Memorial Health Foundation၊ International Federation of Anti-leprosy Associations(ILEP)၊ Novartis Foundation၊ The Leprosy Mission International (TLMI) နှင့် Japan International Cooperation Agency(JICA)၊ National Centre For Global Health and Medicine(NCGM) တို့မှ နည်းပညာနှင့် အရင်းအမြစ်များ ပံ့ပိုးကူညီမှုများကြောင့် အောင်မြင်ရေးအတွက် အထူးအထောက်အကူဖြစ်ခဲ့ကြောင်း။

ယခုကဲ့သို့ ရရှိခဲ့သည့် အောင်မြင်မှုများရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် အလွန်အရေးကြီးကြောင်း၊ အနာကြီးရောဂါကင်းဝေးပြီဆိုသော်လည်း အနာကြီးရောဂါကူးစက်မှု Transmission of Disease မှာ ရှိနေဆဲဖြစ်ကြောင်း၊ အနာကြီးရောဂါကင်းဝေးပြီး နောက်ပိုင်း တစ်နှစ်လျှင် အနာကြီးရောဂါလူနာသစ် ၃၀၀၀-၃၅၀၀ခန့်အထိ ရှာဖွေဖော်ထုတ်တွေ့ရှိပြီး ဆေးဝါးကုသပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် အနာကြီးရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာများ (၂၀၁၁-၂၀၁၅) (Enhanced Global Strategy for Further Reducing the Disease Burden Due to Leprosy (2011-2015)ကို ချမှတ်နိုင်ခဲ့ပြီး အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းလမ်းညွှန် Operational Guidelines (Updated) ကိုလည်း ချမှတ်ပေးခဲ့ကြောင်း။

ကျန်းမာရေးဦးစီးဌာနအနေဖြင့် အဆိုပါလုပ်ငန်းလမ်းညွှန်ကို အခြေခံ၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများနှင့် လိုက်လျောညီထွေဖြစ်စေမည့် အမျိုးသား အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းလမ်းညွှန် ၂၀၁၁-၂၀၁၅ (National Guidelines for Leprosy Control 2011-2015) ကို ရေးဆွဲချမှတ်ခဲ့ပြီး ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းလမ်းညွှန်အတိုင်း အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း။

ဆက်လက်ဆောင်ရွက်ရမည့် အဓိက အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်း (Sustaining Leprosy Control Activites)များမှာ-

(၁) ပြည်သူလူထုမှ အနာကြီးရောဂါနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်အလက်များကို ဆက်လက် သိရှိနားလည်သဘောပေါက်နေအောင် ဆောင်ရွက်ပြီး အနာကြီးရောဂါဟု သံသယရှိလာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ကိုယ်တိုင်သွားရောက်ပြသကာ အခမဲ့ ကုသမှုခံယူရန် တိုက်တွန်းပညာပေးခြင်း။

(၂) ပြောင်းလဲလာသော မဟာဗျူဟာများနှင့် လုပ်ငန်းလမ်းညွှန်များအတိုင်း အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများအား လိုအပ်သောအသိပညာနှင့် ကျွမ်းကျင်မှုများရရှိအောင် သင်တန်းများပို့ချခြင်း။

(၃) လူနာများအား အရည်အချင်း ပြည့်ဝသော စောင့်ရှောက်မှု (Quality Patient Care)ပေးခြင်း။

(၄) ရောဂါဖြစ်ခဲ့ဖူးသူများအား ပြည်သူလူထုအတွင်း ခွဲခြားဆက်ဆံခြင်း (Social Discrimination) မရှိဘဲ နေထိုင်နိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။

(၅) အနာကြီးရောဂါလူနာများ ရင်ဆိုင်နေရသော လူမှုရေးပြဿနာများကို လျှော့ချနိုင်ရေး၊ အရည်အသွေးကောင်းမွန်သော လူနာစောင့်ရှောက်မှု(Quality Patient Care) ရရှိရေးတို့အတွက် အနာကြီးရောဂါလူနာများအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း (Counselling)လုပ်ငန်းဆောင်ရွက်ခြင်း။

(၆) အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုမည့် ကျန်းမာရေးစနစ်ဆိုင်ရာ သုတေသနများ(Health System Research)၊ အခြေခံသုတေသနများ (Basic Research)နှင့် အသုံးချသုတေသန (Applied Research)များ ဆောင်ရွက်ခြင်း စသည့်တို့ဖြစ်ကြောင်း။

အထူးအလေးထားတိုက်တွန်းလိုသည်မှာ ပြည်သူတစ်ရပ်လုံး၏ အကူအညီနှင့် အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက် အောင်မြင်မှုများအား ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားရန်နှင့် လူနာနှင့် မိသားစုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ယခုကဲ့သို့ လုပ်ငန်းများအောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နှီးနွှယ်နေသော အခြားဝန်ကြီးဌာနများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ မီဒီယာမှ ပုဂ္ဂိုလ်များ စသည်တို့၏ ပံ့ပိုးကူညီမှုများကို ကျေးဇူးတင်ဂုဏ်ပြု မှတ်တမ်းတင်ပါကြောင်းနှင့် ဆက်လက်ပြီး ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပါဝင်ပူးပေါင်းကူညီဆောင်ရွက်သွားရန် တိုက်တွန်းမေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် အဖွဲ့ဝင်များသည် အနာကြီးရောဂါတိုက်ဖျက်ရေးနှင့် ကိုယ်အင်္ဂါချို့ယွင်းမှုကာကွယ်ရေးလုပ်ငန်းဆိုင်ရာ ပြခန်းပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယခုနှစ် ကျင်းပသည့် အင်္ဂမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့ ဆောင်ပုဒ်မှာ "အနာကြီးရောဂါ အန္တရာယ်ကင်းဝေးဖို့ ၊ ဆက်လက်ကြိုးပမ်းတိုက်ဖျက်စို့" Reduce The Leprosy Burden: Sustain Leprosy Control Activities " ဟူ၍ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ကာ အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး အနာကြီးရောဂါတိုက်ဖျက်ရေးနှင့် ကိုယ်အင်္ဂါချို့ယွင်းမှုကာကွယ်ရေးလုပ်ငန်းဆိုင်ရာ ပြခန်းပြကွက်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကြိတ် မငြိမ်း သတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၁၅ ၆။ စိုက်ပျိုးသုတ
၄း၂၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၀ ၈။ လျှပ်တစ်ပြက်
၄း၃၅ ၉။ ဗွီစီဒီကျော်ကြားတေး
၄း၄၀ ၁၀။ သတိနှင့်တိုးမည့်ပိုးဖလံများ
၅း၁၀ ၁၁။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ(ဇီဝဗေဒ)
၅း၂၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၁၃)**
၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆း၄၀ ၁၆။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၃၅)**
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ Talk Of The Town
၂၃။ မေးမြန်းစူးစမ်း
၂၄။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်၌တည်သောသစ္စာ (အပိုင်း-၂)**
၂၇။ Mini Series
၂၈။ သင့်အတွက်မနက်ဖြန်
၂၉။ အပိတ်နှုတ်ဆက်စကား
၃၀။ ပြီးပါပြီ။

ဗဟန်းမြို့နယ် အမှတ် (၂၁) အခြေခံပညာမူလတန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်း စတုတ္ထတန်းမှ စာပေဘာသာရပ်ထူးချွန်ဆုရ မသဲသဇ္ဇာညိမ်းအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၀ ရက်က ဗိုလ်ချုပ်အောင်ဆန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်နှင့် ဉဿာတို့ လေးပွဲဆက် အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၆

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဉဿာယူနိုက်တက်အသင်းတို့ လေးပွဲဆက် နိုင်ပွဲများရရှိခဲ့ကြသည်။

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက်(နှစ်ဂိုး)

(ဂျူဗီနယ်နှင့်ချာလက်စ်အိုဘီ)

ရက္ခပူရယူနိုက်တက်-ဂိုးမရှိ

ရန်ကုန်ယူနိုက်တက်အသင်းမှာ လေးပွဲဆက် နိုင်ပွဲရယူပြီး အမှတ်ပေးဇယားကို ဦးဆောင်သွားနိုင်ခဲ့သည်။ ဒဏ်ရာရနေသည့် ရာဇာဝင်းသိန်းနှင့် ကျော်ဒွန်းတို့မှလွဲ၍ လူစုံပါဝင်လာသည့် ရန်ကုန်ယူနိုက်တက်အသင်းမှာ MNL အသင်းသစ် ရက္ခပူရယူနိုက်တက်အသင်း၏ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် ကစားခဲ့သောကြောင့် အနိုင်ရရှိရန် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။ ဂိုးကံခေမှု၊ အဆုံးသတ်အားနည်းမှုကြောင့် မိနစ် ၇၀ ကျော်အထိ ရန်ကုန်အသင်းမှာ ဂိုးမရခဲ့ဘဲ ပွဲပြီးရန် ၁၁မိနစ်အလိုကျမှ အနိုင်ဂိုး နှစ်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရက္ခပူရယူနိုက်တက်အသင်းမှာ ရန်ကုန်အသင်းထံမှ အမှတ်ခွဲယူနိုင်ရန် ပွဲစကတည်းက ခံစစ်အသားပေးကစားခဲ့ပြီး တန်ပြန်တိုက်စစ်ဖြင့်သာ ဂိုးရရန် ကြိုးစားခဲ့သည်။ ရက္ခပူရအသင်း၏ ခံစစ်ကစားပုံအမှားမရှိသောကြောင့် ရန်ကုန်တိုက်စစ်မှူးများ ပုံမှန်ခြေစွမ်းပျောက်ခဲ့ရပြီး ရာဇာဝင်းသိန်းမပါသည့် ကွင်းလယ်မှာလည်းတိုက်စစ်ကို ထင်သလောက် ပံ့ပိုးနိုင်ခဲ့ခြင်းမရှိပေ။

ရန်ကုန်အသင်းမှာ အနိုင်ရရှိရန် ဒုတိယပိုင်းတွင် တိုက်စစ်အားမြှင့်ခဲ့သည်။ ၃၆မိနစ်တွင် ဂျူဗီနယ်၊ ၅၆ မိနစ်တွင် ကြည်လင်းတို့၏ ကန်ချက်များ တိုင်ထိ၊ ဘားထိထွက်ခဲ့၍ ရန်ကုန်အသင်း နစ်နာခဲ့ရသည်။ ရက္ခပူရနောက်တန်း ပိတ်ဆို့ထားသည့်ကြားမှ ရန်ကုန်အသင်း ၇၉ မိနစ်တွင် ဂိုးစရခဲ့ပြီး ဂျူဗီနယ်က ကန်သွင်းသွားခြင်းဖြစ်သည်။ ရန်ကုန်အတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၈၅မိနစ်တွင် ဂျူဗီနယ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ချာလက်စ်အိုဘီက သွင်းယူခဲ့သည်။

(အောင်ဆန်းကွင်း)

ဉဿာယူနိုက်တက်-တစ်ဂိုး

(ဂျူနီယာ)

ဇွဲကပင်ယူနိုက်တက်-ဂိုးမရှိ

၂၀၁၁ MNL အမှတ်ပေးပြိုင်ပွဲကို ယခုပွဲစဉ်(၄)အပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၂ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

သတင်းမှတ်စု-ရှိုင်းထက်ဇော်

Sony's 3D World မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

TMW Enterprise Ltd. ၏ Sony's 3D World မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ တော်ဝင်စင်တာ ပထမထပ်၌ကျင်းပရာ အထူးဖိတ်ကြားထားသူများ၊ အရောင်းကိုယ်စားလှယ်များနှင့် TMW Enterprise Ltd. မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

Sony ၏ 3D နည်းပညာပိုင်းများနှင့် 3D World Concept ထဲမှ 3D Movie, 3D Game, 3D Photo များ အကြောင်းကို တာဝန်ရှိသူများက မိတ်ဆက်ရှင်းလင်းကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

ရန်ကုန်မြို့ တော်ဝင်စင်တာ ပထမထပ်၌ TMW Enterprise Ltd.၏ Sony's 3D World မိတ်ဆက်ပွဲ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

မျက်မှောက်ခေတ်တွင် ဖျော်ဖြေရေးနည်းပညာသစ်များ အသစ်အသစ်ဖြစ်ပေါ်လျက်ရှိရာ အဆိုပါ မိတ်ဆက်ပွဲတွင် Sony ၏ နောက်ဆုံးပေါ် 3D Technology ကို 3D World Concept အဖြစ် အဓိကတင်ပြထားသည်။

Sony ၏ 3D World မိတ်ဆက်ပွဲတွင် 3D TV အပါအဝင် 3D Function များ ပါဝင်သော 3D Movie, 3D Game, 3D Photo တို့ကို တွဲဖက်တင်ဆက်ပြသထားသည်။

Sony သည် ဖျော်ဖြေရေးကဏ္ဍတွင် နာမည်တစ်ခုအဖြစ် နေရာယူထားပြီး Home Entertainment, Camera နှင့် Game များ၌ ရှေ့ဆုံးမှ နေရာယူထားသည်။ ယခုလည်း Sony က ခြေလှမ်းတစ်လှမ်းအနေဖြင့် အိမ်တွင်းဖျော်ဖြေရေးကို အစပျိုးပေးမည့် Sony's 3D World ကို မိတ်ဆက်ပေးခြင်းကြောင့် Sony 's 3D World ထဲကို ဝင်ရောက်ပြီး အရာရာကို ကိုယ်တိုင်ခံစားကြည့်ရှုနိုင်ပြီဖြစ်သည်။

3D ဆိုသည်မှာ အမြင်အာရုံတွင် တတိယအမြင်ပုံစံတစ်ခု ထပ်မံဖြည့်စွက်ထားပြီး ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂိမ်းများကို ပိုမိုအသက်ဝင်စေသည်။ ပုံရိပ်တိုင်းသည် သဘာဝကျစေရုံမက မိမိကိုယ်တိုင် ပါဝင်လှုပ်ရှားနေသကဲ့သို့ ခံစားမှုကို ဖြစ်ပေါ်စေသည်။ ဖန်သားပြင်ပေါ်မှ ပုံရိပ်များ အပြင်သို့ အမှန်တကယ်ထွက်လာသကဲ့သို့လည်းကောင်း၊ ခေါင်းပေါ်ကနေ ဖြတ်သွားသကဲ့သို့ လည်းကောင်း၊ ကိုယ်နှင့်ထိတွေ့လုနီးပါး ဖြစ်လာသကဲ့သို့ လည်းကောင်း စသည့် ခံစားမှုများကို 3D က စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည်။

Sony 3D နည်းပညာသစ်ကို Sony နှစ်ခြိုက်သူများအတွက် ရည်ရွယ်ပြီး ထပ်မံတင်ဆက်ပြသခြင်း ဖြစ်သည်။ Sony ၏ 3D နှင့် စပ်လျဉ်းသော ပစ္စည်းများကို စုံစုံလင်လင်နှင့် တစ်နေရာတည်း ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး အဆိုပါ 3D World မိတ်ဆက်ပွဲကို ယနေ့မှ ဖေဖော်ဝါရီ ၈ ရက်အထိ တော်ဝင်စင်တာ ပထမထပ်၌ နေ့စဉ် နံနက် ၁၀နာရီမှ ည ၁၀ နာရီအတွင်း ဆက်လက်ပြသသွားမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဖိတ်ကြားထားသူများ၊ အရောင်းကိုယ်စားလှယ်များ၊ TMW Enterprise Ltd. ၏ Sony's 3D World မိတ်ဆက်ပွဲတွင် စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆

(၅၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယမန်နေ့တွင် မကွေးတိုင်းဒေသကြီးရှိ တိုင်းဒေသကြီးအားကစားကွင်းနှင့် မကွေးခရိုင်အားကစားကွင်းတို့၌ ဆက်လက်ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးအားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့သည် တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားပြီး မကွေးခရိုင်အားကစားကွင်း၌ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲ အချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေအနီးတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၇ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

○ ကျောဖုံးမှ

ဖီဖာရဲ့ အဆိုအရတော့ ဒီနည်းစနစ်တွေကို ဖူးရစ်အခြေစိုက် နည်းပညာအင်စတီကျုက သုတေသီတွေနဲ့ လာမယ့် ရက်သတ္တပတ်အတွင်း ဖီဖာဌာနချုပ်မှာပဲ စမ်းသပ်သွားမှာဖြစ်ကြောင်း သိရပါတယ်။ စမ်းသပ်မှု တစ်ခုချင်းအလိုက် သီးခြားစီ သုံးသပ်ထားတဲ့ အစီရင်ခံစာ တစ်စောင်ကိုလည်း အိုင်အက်ဖ်ဘီအေခေါ် အပြည်ပြည်ဆိုင်ရာ ဘောလုံးအစည်းအရုံး ဘုတ်အဖွဲ့ကို တင်ပြသွားမှာလည်းဖြစ်ပါတယ်။

ဒီကိစ္စဟာ လာမယ့်မတ်လ ၅ ရက်ဝေးလ်မှာကျင်းပမယ့် ဖီဖာနဲ့ အိုင်အက်ဖ်ဘီအေရဲ့ ဘောလုံးအားကစားနည်းဥပဒေသများ ပြန်လည်သုံးသပ်ဆွေးနွေးပွဲမှာ ထိပ်တန်းအကြောင်းအရာ တစ်ရပ်အဖြစ် ပါဝင်လာမှာဖြစ်တယ်လို့ ဆိုပါတယ်။

အိုင်အက်ဖ်ဘီအေဟာ ၂၀၁၂ ခုနှစ်မှာ ကျင်းပမယ့် ဥရောပဖလားဘောလုံးပြိုင်ပွဲမှာ ဒိုင်လူကြီးငါးဦးစနစ် ကျင့်သုံးဖို့အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်ကို အဆုံးအဖြတ်ပေးရမှာဖြစ်သလို အခြားဘောလုံးကစားပွဲ စည်းမျဉ်းတချို့ ပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များကိုလည်း လေ့လာသုံးသပ်ကြဖို့ရှိပါတယ်။

လူအများဆိုတာ အားကစားပြိုင်ပွဲများရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တယ်လို့ စွဲစွဲမြဲမြဲ ခံယူထားတဲ့ ဖီဖာဥက္ကဋ္ဌကြီး ဆတ်ဘလတ္တာဟာ "ဂိုးစည်းနည်းပညာ" ကို ကာလကြာရှည်စွာ ဆန့်ကျင်လာခဲ့သူပါ။ "ငြင်းကြခုန်ကြရတာဟာ ပြိုင်ပွဲများရဲ့ စိတ်လှုပ်ရှားစရာသဘာဝပါ၊ ခေတ်မီနည်းပညာတွေရဲ့ ဖုံးကွယ်မှုကြောင့် လူသားတွေရဲ့ စွမ်းဆောင်နိုင်မှုတွေ မှေးမှိန်ပျောက်ကွယ်သွားမှာကို မလိုလားဘူး" လို့လည်း သူကဆိုထားပါတယ်။

သို့သော် ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အင်္ဂလန်နဲ့ ဂျာမနီ ပွဲစဉ်မှာ အင်္ဂလန်က ဖရန့်လမ်းပတ် ကန်သွင်းခဲ့တဲ့ဘောလုံး ဂျာမနီ ဂိုးစည်းကို ရှင်းရှင်းကြီးကျော်ဝင်သွားခဲ့ပေမယ့် ဂိုးအဖြစ်သတ်မှတ် မပေးခဲ့လို့ ပွဲအပြီးမှာ ဂျာမနီ ၄-၁ အင်္ဂလန်နဲ့ အရှုံးနိမ့်ခဲ့ရပါတယ်။ အကယ်၍သာ အဲဒီဂိုးရခဲ့မယ်ဆိုရင် ပထမပိုင်းမှာ တစ်ဖက်နှစ်ဂိုးစီ သရေဖြစ်သွားမှာဖြစ်ပြီး ပွဲအပြီးရလဒ်ဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်တယ်လို့ အင်္ဂလန်ဘောလုံးပရိသတ်တွေကဆိုကြပါတယ်။ ဒီကိစ္စဟာ ခေတ်မီနည်းပညာတွေကို ပြိုင်ပွဲတွေမှာ သုံးစွဲဖို့ ငြင်းဆန်နေတဲ့ ဆတ်ဘလတ္တာအတွက် ဖိအားတစ်ရပ်ဖြစ်ပါတယ်။

ဂိုးစည်းနည်းပညာအရ ဂိုးဝင်၊ မဝင် အဆုံးအဖြတ်ကို အလျင်အမြန် အလိုအလျောက် စက္ကန့်ပိုင်းအတွင်း အတည်ပြုပေးနိုင်ဖို့လိုအပ်ပြီး ဒီဆုံးဖြတ်ချက်ဟာ ဒိုင်အဖွဲ့ကပဲ သိရှိခွင့်ရမှာဖြစ်ပါတယ်။ ဖီဖာရဲ့ ဘောလုံးစည်းမျဉ်းဥပဒေ ရေးဆွဲရေးအဖွဲ့ကတော့ အခုစမ်းသပ်မယ့် နည်းစနစ်တွေကို လက်တွေ့ အလုပ်ဖြစ်၊ မဖြစ် အကျိုးအပြစ်က ဘယ်သို့ဆိုတာတွေကို ချင့်ချိန် သုံးသပ်ကြရဦးမှာ ဖြစ်ပါတယ်။

အခုတင်သွင်းစမ်းသပ်ကြမယ့် ဂိုးစည်းနည်းပညာ ၁၀ ခုထဲမှာ ၂၀၀၈ ခုနှစ်ကနဲ့ ပြီးခဲ့တဲ့နှစ် မတ်လအတွင်းက အိုင်အက်ဖ်ဘီအေက ပယ်ချထားခဲ့တဲ့ သိန်းငှက်မျက်လုံး (Hawk Eye) နည်းပညာနဲ့ ဘောလုံးထဲမှာ မိုက္ကရိုချစ်ပ် ထည့်သွင်းမယ့် နည်းပညာတွေလည်းပါဝင်လိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။ မြန်နှုန်းမြင့်ကင်မရာတွေကို အခြေပြုတဲ့ Hawk Eye System ကို လက်ရှိအချိန်မှာတော့ တင်းနစ်နဲ့ ခရစ်ကက်အားကစားတွေမှာ အသုံးပြုနေကြပါပြီ။

ဘောလုံးပွဲစည်းမျဉ်းများ ပြောင်းလဲပေးရေးဆိုင်ရာ နောက်ထပ်အဆိုပြုမယ့် ကိစ္စတွေကတော့ ဘောလုံးကွင်းအတွင်း အခြားဘောလုံးတွေ၊ အရာဝတ္ထုတစ်ခုခု၊ တိရစ္ဆာန်တွေဝင်ရောက်လာခဲ့ရင် ဒိုင်အနေနဲ့ ဆောင်ရွက်ပေးရမယ့်ကိစ္စတွေ၊ ကစားသမားတွေ ဝတ်ဆင်လေ့ရှိတဲ့ လည်ပတ်တွေ၊ ခေါင်းစွပ်တွေ၊ ကိုယ်ကျပ်တွေနဲ့ ပတ်သက်တဲ့ကိစ္စတွေလည်း ပါလာလိမ့်မယ်လို့သိရပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး စလင်း မြို့နယ် ကန်တော်ကျေးရွာအုပ်စု ကန်တော်ကျေးရွာ စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက်က အဆိုပါ မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာပို့စ်ဂျာနယ် အတွဲ (၃)၊ အမှတ် (၆)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် နိုင်ငံတော်သမ္မတအဖြစ် ဦးသိန်းစိန်၊ ဒုတိယသမ္မတအဖြစ် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း(ခ) မောင်အုန်းတို့အား ရွေးချယ်တင်မြှောက်၊ နွေရာသီတွင် ယခင်နှစ်ကထက် လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိမည်၊ ဇန်နဝါရီလအတွင်း ခရီးသည်တင်ယာဉ် နှစ်စီးမီးလောင် အများစုမှာ ဂက်စ်ပိုက်လိုင်းကြောင့်ဖြစ် စသည့် မျက်နှာဖုံးသတင်းများ၊ မောင်စူးစမ်း၊ မောင်သိန်းညွှန့် (ကော့ကရိတ်)၊ ပြည်စိုး၊ စောရွှေသန်း (အလုံ)၊ ကြည်ခင်တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများ ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အနုပညာသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ သတင်းများ၊ မော်တော်ယာဉ်မှုခင်းသတင်းများ၊ ပြည်တွင်းပြည်ပ အားကစားသတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် မြန်မာ-ဘင်္ဂလားဒေ့ရှ် တိုက်ရိုက်လေကြောင်းလိုင်း အမြန်ဆုံးပြေးဆွဲရန် နှစ်နိုင်ငံသဘောတူညီမှုရရှိ၊ အာဆီယံစီးပွားရေးတိုးတက်ရန် မြန်မာနိုင်ငံကို အာဆီယံ+၃ ကူညီမည်၊ အိမ်ခြံမြေဈေးကွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြီးမားကျယ်ပြန့်လာတော့မည်၊ မြန်မာအပါအဝင် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုမြှင့်တင်ရန် ဘာရိန်းနိုင်ငံစီစဉ်၊ အွန်လိုင်းမှ ဖုန်းခေါ်ဆိုခပေးချေသည့်စနစ် ဆောင်ရွက်ပေးမည့်AGD ဘဏ်ခွဲ စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကယားပြည်နယ် ခေတ်မီဖွံ့ဖြိုးတိုးတက်စည်ပင် ကယားပြည်နယ်တစ်ခွင်

သတင်းနှင့်ဓာတ်ပုံ စာမျက်နှာ - ၆၊ ၇

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဖေဖော်ဝါရီ ၆

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေအနီး၌ ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဂိုးဝင်၊ မဝင်အဆုံးအဖြတ်ပေးမည့် ခေတ်မီနည်းပညာ ၁၀ မျိုး ဖီဖာက စမ်းသပ်ဦးမည်ဟုဆို

(ဇင်ထူး)

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ရဲ့ စည်းမျဉ်းဥပဒေများ ရေးဆွဲရေးသုခမိန်အဖွဲ့ဟာ ဒိုင်လူကြီးများ ပြိုင်ပွဲအတွင်း ဂိုးဝင်၊ မဝင် အဆုံးအဖြတ်ပြုရာမှာ အထောက်အကူပြုနိုင်ဖို့အတွက် ခေတ်မီနည်းပညာတွေ သုံးထားတဲ့ နည်းစနစ် ၁၀ မျိုးကို လေ့လာသုံးသပ်သွားမှာ ဖြစ်တယ်လို့ နိုင်ငံတကာ အားကစားမီဒီယာတွေမှာ ဖော်ပြကြတာ တွေ့ရပါတယ်။ စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍



၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်မှ ဖရန့်လမ်းပတ် ကန်သွင်းခဲ့သည့်ဘောလုံး ဂျာမနီဂိုးစည်းအတွင်း ဤကဲ့သို့ ဝင်သွားသော်လည်း ဂိုးအဖြစ် သတ်မှတ်မခံခဲ့ရ။



(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု

မောင်ဒွဲ့ဒိုး၏

"မရှိတာထက် မသိတာခက်" ဆောင်းပါး-စာမျက်နှာ (၈၊ ၉)

- - - - - - - - - -

ခိုင်ဆု၏

"မျိုးချစ်စိတ်ဓာတ်" ကာတွန်း-စာမျက်နှာ (၈)

- - - - - - - - - -

စိုးသိမ်းစိုး(ဘဏ်)၏

"ဒို့ခေတ်တံတား" ကဗျာ-စာမျက်နှာ (၉)